# ကြေးမုံ
# The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ (21-8-2005) (၄၆၉၄)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ရန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေးကျင်းပ

# အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး (၃/၂၀၀၅) သို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**ရန်ကုန်မိုး**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ရန်ကုန် ဩဂုတ် ၂၀

**အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး အမှတ်စဉ် (၃/၂၀၀၅)ကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။**

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင် အတွင်းရေးမှူး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

**ကြေးမုံ The Mirror**

**ခေါင်းကြီး ဆောင်းပါး အညွှန်း**

☆ *ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၉၄ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်၏ ပြုစုစောင့်ရှောက်မှု၊ ဒေသဆိုင်ရာအာဏာပိုင်များ၏ ပံ့ပိုးကူညီမှု၊ တက္ကသိုလ်တာဝန်ခံ အဆက်ဆက်တို့၏ ကြိုးပမ်းအားထုတ်မှုများကြောင့် တက္ကသိုလ်ကြီးမှာ အရှိန်မပျက် ဆက်လက်တိုးတက်လျက်ရှိနေသည်။*

*(ခေါင်းကြီး) စာမျက်နှာ–၂*

☆ *ဟိုတယ်လုပ်ငန်းကို မြှင့်တင်ကြော်ငြာရာတွင် ထိရောက်သော ဆွဲဆောင်သည့် မြှင့်တင်ရေး စကားတစ်လုံးမှာ "အိမ်မှဝေးသော အိမ်" (Home away from Home) ဆိုသည့် စကားပင်ဖြစ်သည်။*

*ငွေးအောင်(ခရီးသွား)၏ **"အိမ်မှဝေးသောအိမ်"***

*(ဆောင်းပါး) စာမျက်နှာ–၆*

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၁-၈-၂၀၀၅
(တနင်္ဂနွေနေ့)

# ဥမကွဲသိုက်မပျက် အတူယှဉ်တွဲနေထိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်

မြန်မာနိုင်ငံသည်ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ပေါင်းစည်းယှက်နွယ်နေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ပြည်ထောင်စု တိုင်းရင်းသားများသည် နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် အတူတကွ ရင်းနှီးချစ်ကြည် စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြသည်။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲလက်တွဲ ကာကွယ်ထိန်းသိမ်းခဲ့သည့် အစဉ်အလာရှိသည်။

ယင်းသို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပေါင်းစည်းနေထိုင်လျက်ရှိခြင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ဥမကွဲသိုက်မပျက် အပြန်အလှန်စာနာနားလည်မှုဖြင့် ချစ်ချစ်ခင်ခင် နေထိုင်လာကြခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ရှင်သန်နေခြင်းကြောင့်ပင် ဖြစ်သည်။

တစ်နည်းအားဖြင့် တိုင်းရင်းသားလူမျိုးများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားယုံကြည်မှုရှိခြင်း၊ မိမိတို့ယုံကြည်ရာ ကိုးကွယ်ခွင့်ရှိပြီး မိမိနှစ်ခြိုက်ရာ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာကောင်းများကို ထိန်းသိမ်းနေကြခြင်းတို့သည် နိုင်ငံတော်၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး ညီညွတ်မျှတသည့် လူ့ဘောင်အဖွဲ့အစည်းတည်ထောင်ထားနိုင်သော အမျိုးသားရေးစွမ်းရည်ကို ဖော်ပြနေခြင်းပင်ဖြစ်ပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်လ ၁၅ ရက်နေ့က စစ်ကိုင်းတိုင်း ခရီးစဉ်အတွင်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ သွားရောက်၍ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံပြီး သဘောထားခံယူချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင် **ဘာသာရပ်ဆိုင်ရာများကို သင်ကြားပေးရုံသာမက မိမိတို့တိုင်းရင်းသားညီအစ်ကိုများ ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ခံယူချက်ခိုင်မာလာစေရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမ များအကြား ဥမကွဲသိုက်မပျက် အတူယှဉ်တွဲ ချစ်ကြည်စွာနေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာစေရန် လေ့ကျင့်သင်ကြားပေးရမှာဖြစ်ကြောင်း** ပြောကြားသွားသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်၏ ပြုစုစောင့်ရှောက်မှု၊ ဒေသဆိုင်ရာအာဏာပိုင်များ၏ ပံ့ပိုးကူညီမှု၊ တက္ကသိုလ်တာဝန်ခံအဆက်ဆက်တို့၏ ကြိုးပမ်းအားထုတ်မှုများကြောင့် တက္ကသိုလ်ကြီးမှာ အရှိန်မပျက် ဆက်လက်တိုးတက်လျက်ရှိနေသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ တိုင်းရင်းသားလူငယ်လူရွယ် ပညာတတ်များကို စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းဆရာ၊ ဆရာမများကို စိတ်ဓာတ်ကောင်းမွန်သည့် တိုင်းရင်းသားဆရာ၊ ဆရာမများအဖြစ်သာမက မိမိတို့ရောက်ရှိ တာဝန်ထမ်းဆောင်ရာဒေသများ၌ ဦးစီးဦးဆောင်လုပ်ကိုင်နိုင်သော စည်းရုံးရေးမှူးများ၊ တည်ဆောက်ရေးသမားများအဖြစ် ကျွမ်းကျင်ထက်မြက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် ပြုစုမွေးထုတ်ပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်၏ သမိုင်းအစဉ်အလာအတွေ့အကြုံများအရ တိုင်းရင်းသားလူမျိုး ညီအစ်ကိုမောင်နှမများအကြား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာနေရေးမှာ အသက်တမျှအရေးကြီးသည်ဖြစ်ရာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ သင်ကြားလေ့ကျင့်ပို့ချမှုများသည် ပြည်ထောင်စုစိတ်ဓာတ်၏ အနှစ်သာရနှင့်အစဉ်အလာကောင်းများ တည်တံ့ပြန့်ပွား ထိန်းသိမ်းရေးအတွက် ပံ့ဖော်ပေးလျက်ရှိကြောင်း တွေ့ရပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်က စီမံဖြည့်ဆည်း တည်ဆောက်ပေးလျက်ရှိချိန်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းဆင်းဆရာ၊ ဆရာမများအနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဥမကွဲသိုက်မပျက် အတူယှဉ်တွဲ နေထိုင်နိုင်ရေးကြိုးပမ်းရင်း ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားစဉ်။**
(ရန်ကုန်တိုင်း)

**တက်ရောက်**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ မော်ကွန်းထိန်းများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့အနေဖြင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေစွာသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း တက္ကသိုလ်၊ ကောလိပ် ကြို/ပို့ယာဉ်များ အဆင်ပြေစွာ ပြေးဆွဲနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ မော်တော်ယာဉ်များကို CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲ တပ်ဆင်ပေးလျက်ရှိကြောင်း၊ CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ရခြင်းမရှိသေးသည့် မော်တော်ယာဉ်များကို သတ်မှတ်ထားသည့် စက်သုံးဆီများကို ထုတ်ပေးလျက်ရှိရာ ယာဉ်ပြေးဆွဲမှုမရှိဘဲ စက်သုံးဆီထုတ်ယူမှုမရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များက ခရီးသွားပြည်သူများအား ယဉ်ကျေးစွာ ဆက်ဆံကြစေရေးအတွက်လည်း ပညာပေးကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းနှင့် ယာဉ်တိုက်ခိုက်မှုများ တဖြည်းဖြည်း လျော့နည်းကျဆင်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ မော်ကွန်းထိန်းများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုသည်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းစေရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေးအတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ဥက္ကဋ္ဌများက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မော်တော်ယာဉ်များအား CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

# ၂၀၀၅ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၀၅ခုနှစ် အောက်တိုဘာ ၅ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၅ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာမူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲကာ ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယမန်နေ့ကထုတ်ပြန်ကြေညာသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ဆရာ၊ ဆရာမများနှင့် အငြိမ်းစားယူပြီးသော ဆရာ၊ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင်လည်းကောင်း၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ၊ ဆရာမများနှင့် အငြိမ်းစားဆရာ၊ ဆရာမများသည် သက်ဆိုင်ရာ အခြေခံပညာအဆင့်တွင် လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများသည် အခြေခံပညာအထက်တန်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ဆောင်းပါးခေါင်းစဉ်မှာ "ပညာရှာ၏ ဓာတ်ဆရာ" ဖြစ်ပြီး စာလုံးရေ ၃၀၀၀ မှ ၄၀၀၀ အတွင်း စာမျက်နှာတစ်ဖက်တည်းတွင်သာ ရေးသားရမည်ဖြစ်ကာ စာမျက်နှာတပ်ရမည်ဖြစ်သည်။ စာမူနောက်ကျောတွင် ရေးသူအမည်၊ ပညာအရည်အချင်း၊ ရာထူးနှင့် ကျောင်း၊ အိမ်လိပ်စာတို့ကို ဖော်ပြရမည်ဖြစ်သည်။

စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (တစ်လက်မခွဲ၊ နှစ်လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်သွင်းပြီး ဦးသောင်းရွှေညွှန်ကြားရေးမှူး (လေ့ကျင့်ရေး/ပြည်တွင်း) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၆ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

# ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ယင်းအက်ဥပဒေပါ ငွေကြေးနှုန်းထားများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမားဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၀၅**
**ရန်ကုန်မြို့ ၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်**
**(၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)**

အလုပ်သမားဝန်ကြီးဌာနသည် ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၀၅)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းအက်ဥပဒေပါ သက်ဆိုင်ရာ ငွေကြေးနှုန်းထားများကို ၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၆/၂၀၀၅)၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်၍ သတ်မှတ်လိုက်သည်။

၁။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဃ)(၁)အရ အလုပ်သမားဆိုသည့်စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကာယအလုပ်သမား (manual labour) မှ အပ တစ်လလျှင် လုပ်ခပမာဏ ကျပ် ၄၀၀၀၀ ထက်ပို၍ရသော အခြားအလုပ်သမား အကျုံးမဝင်စေရ။

၂။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေတွင် ပါရှိသော–

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) (၁)၏ ခြွင်းချက်နှင့် ပုဒ်မခွဲငယ် (က) (၂) တို့အရ အလုပ်သမား သေဆုံး၍ ရရှိမည့် လျော်ကြေးပမာဏသည် အနည်းဆုံး ကျပ် ၁၅၀၀၀၀ မှ အများဆုံး ကျပ် ၄၅၀၀၀၀ ဖြစ်သည်။

(ခ) ပုဒ်မ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) (၁)၏ ခြွင်းချက်နှင့် ပုဒ်မခွဲငယ် (ခ) (၂) တို့အရ အလုပ်သမား အမြဲတမ်းမသန်မစွမ်းဖြစ်၍ ရရှိမည့် လျော်ကြေးပမာဏသည် အနည်းဆုံး ကျပ် ၂၀၀၀၀၀ မှ အများဆုံး ကျပ် ၆၀၀၀၀၀ ဖြစ်သည်။

(ဂ) ပုဒ်မ ၈၊ ပုဒ်မခွဲ (၁)၏ ခြွင်းချက်အရ အလုပ်သမားသေဆုံးမှုအတွက် အလုပ်ရှင်သည် ကျပ် ၁၀၀၀၀၀ ထက်မပိုသော ငွေကြေးပမာဏကို မှီခိုသူအား ကြိုတင်လျော်ကြေးငွေအဖြစ် ထုတ်ပေးနိုင်သည်။

(ဃ) ပုဒ်မ ၈၊ ပုဒ်မခွဲ(၂)အရ အလုပ်ရှင်သည် မြို့နယ် အလုပ်သမား လျော်ကြေးကော်မတီထံ ကျပ် ၅၀၀၀၀ အောက် မနည်းသော အခြားငွေကြေးပမာဏကို ကြိုတင်အပ်နှံနိုင်သည်။

(င) ပုဒ်မ ၈၊ ပုဒ်မခွဲ (၁)အရ ကြိုတင်အပ်နှံထားသည့် ငွေအနက်မှ ပုဒ်မခွဲ (၄)အရ အသုဘစရိတ်အတွက် ကျပ် ၂၀၀၀၀ ထက် မပိုသော ငွေကြေးပမာဏကို နုတ်ယူပြီး အကုန်အကျခံထားသူအား ပေးရမည်။

(စ) ပုဒ်မ ၃၀၊ ပုဒ်မခွဲ(၁)၏ ခြွင်းချက်အရ အယူခံမှုတွင် အငြင်းပွားသည့် ငွေကြေးပမာဏသည် ကျပ် ၃၀၀၀၀ အောက်မနည်းသော ပမာဏဖြစ်သည်။

၃။ ဤအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် ငွေကြေးနှုန်းထားများသည် ၂၀၀၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**ဦးသောင်း**
**ဝန်ကြီး**
**အလုပ်သမားဝန်ကြီးဌာန။**

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၂၀

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။**

**တက်ရောက်**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းနှင့်အတူ တွဲဖက် အထွေထွေ အတွင်းရေးမှူး၊ အတွင်းရေးမှူး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အတူ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးကိုယ်စားလှယ်ရုံးမှ ပြည်ပဆက်ဆံရေးအရာရှိ Ms. Elizabeth Noorthy လည်း တက်ရောက်သည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဖွဲ့ချုပ်မှ ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းအား ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas က ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## ‘စောမုံညင်း၏ စောမုံညင်း’ စာအုပ်ထုတ်ဝေ

**ရန်ကုန် ဩဂုတ် ၂၀**

အသက် (၁၂) နှစ် အရွယ်မှစ၍ ကဗျာစာပေများကို လေ့လာလိုက်စားရေးသားခဲ့ပြီး စာပေလောကတွင် နှစ်ပေါင်း ၇၀ ကျော် မွေ့လျော်ကျင်လည်ခဲ့သည့်ပြင် ပြည်တွင်းပြည်ပမှ ချီးမြှင့်သည့် စာပေဆုများကို ရရှိခဲ့သူ စာရေးဆရာမကြီး စောမုံညင်း ကိုယ်တိုင် ရေးသား ပြုစုသည့် ‘စောမုံညင်း၏ စောမုံညင်း’ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ယာပုံ)**

အဆိုပါစာအုပ်တွင် စာရေးဆရာမကြီး စောမုံညင်း၏ ငယ်နစဉ် တက္ကသိုလ်ကျောင်းသူဘဝ၊ မိဘများနှင့်အတူ စစ်ပြေးဘဝ၊ ချစ်ဦးသူနှင့်လွဲခဲ့ရသော ချစ်ကံခေယံဘဝ၊ အိမ်ထောင်သည်ဘဝ အစရှိသည့် ဘဝမျိုးစုံကို ဆေးစုံခြယ်သည့် ပန်းချီကားတစ်ချပ်သဖွယ် ရှုမြင်ခံစားဖတ်ရှုရမည့်အပြင် ပြည်တွင်းပြည်ပ စာပေခရီးများ၊ ထင်ရှားသည့် ဆောင်ရွက်ချက် များကိုလည်း ဗဟုသုတဖြစ်ဖွယ် ဖော်ပြပေါ်ရှိသည်။ နော်ဝေစက္ကူချော၊ မဂ္ဂဇင်းအရွယ်၊ စာမျက်နှာ ၃၀၀ ခန့်၊ ရုပ်ပုံ ဓာတ်ပုံပေါင်း များစွာတို့အပြင် မြန်မာမှုဒီဇိုင်း ဦးအေးမြင့်၏ လက်ရာမျက်နှာဖုံးဖြင့် လှလှပပ သန့်သန့်ခံ့ခံ့ ထုတ်ဝေထားပြီး တစ်အုပ်လျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာအုပ်အရောင်းဆိုင် ဖုန်း– ၃၇၄၅၃၂၊ သတင်းနှင့် စာနယ်ဇင်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေတို့နှင့်တကွ တစ်ပြည်လုံးရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(က–ပ)



## ကျောင်းကျန်းမာရေးသီတင်းပတ် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါ ကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ မိခင်နှင့်ကလေး ကျောင်းကျန်းမာရေးအရာရှိ ဒေါက်တာ ခင်စောရီ၊ ကျောင်းအုပ်ဆရာကြီး၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် အတန်းမှူး ဆရာ၊ ဆရာမများက ကျောင်း ကျန်းမာရေးဆိုင်ရာ ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။ **(ယာပုံ)**

(ကြေးမုံ)

## ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ပြန်လည်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၀

**ရန်ကုန်မြို့သို့ရောက်ရှိနေသော ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E.Mr. Ali Alatas သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။**

ဧည့်သည် အထူးကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးကိုယ်စားလှယ်ရုံးမှ ညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

# အီရတ်ရှိ နိုင်ငံခြားတပ်ဖွဲ့များ ထွက်ခွာရေး ဆောင်ရွက်ရန် အချိန်ရောက်ပြီဟု ရုရှားသမ္မတ ပူတင်ပြောကြား

ဘိုချီ (ရုရှား) ဩဂုတ် ၁၉

**နိုင်ငံခြားတပ်ဖွဲ့များ အီရတ်နိုင်ငံမှ ရုပ်သိမ်းမည့်အစီအစဉ်ကို အချိန်ဇယားရေးဆွဲ ဆောင်ရွက်သွားရန် ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က တောင်းဆိုလိုက်သည်။**

အီရတ်နိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံခြားတပ်ဖွဲ့များ ထွက်ခွာသွားနိုင်ရေးအတွက် အချိန်ဇယားတစ်ခု သတ်သတ်မှတ်မှတ်ရေးဆွဲ၍ ဆောင်ရွက်သွားရန် သင့်တော်သောအချိန်အခါရောက်နေပြီဟု မိမိတို့ ယူဆကြောင်း ရုရှားသမ္မတပူတင်က သတင်းထောက်များကို ပြောကြားခဲ့သည်။ အထက်ပါစကားများကို ဂျော်ဒန်ဘုရင် ဒုတိယအဗ္ဗဒူလာနှင့် တွေ့ဆုံအပြီး သတင်းထောက်များနှင့် ဆက်လက်တွေ့ဆုံရာ၌ပြောဆိုခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံသား အများအပြားက ၎င်းတို့နိုင်ငံအတွင်း ရောက်ရှိနေသော နိုင်ငံခြားတပ်ဖွဲ့များကို ကျူးကျော်သိမ်းပိုက်ထားသူများအဖြစ် ရှုမြင်ကြသည်။

အီရတ်ကိစ္စကို စဉ်းစားရာ၌ ထိုအချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ပူတင်က ဩဂုတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အီရတ်နိုင်ငံရေးကိစ္စကို ယခုနှစ်အကုန်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာကွန်ဖရင့်တစ်ရပ်ကျင်းပကာ ဆွေးနွေးအဖြေရှာခြင်းဖြင့် ထိုကိစ္စကို ပုံမှန်အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်စရာရှိကြောင်း ပူတင်က သတင်းထောက်များကို ပြောကြားခဲ့သည်။

***အင်တာနက်။***

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် လုံခြုံရေး ဆောင်ရွက်နေသော ကနေဒါ တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၉ ရက်ကတွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*




# အီရတ်တွင် နှစ်ချို့အစားအသောက်များ ရောင်းချနေ အစာအဆိပ်သင့်သူများလာ၍ ကျန်းမာရေးသတိပေးရ

ဘဂ္ဂဒက် ဩဂုတ် ၁၉

**မသန့်ရှင်းသော အစားအသောက်နှင့် နှစ်ချို့နေသော အစားအစာများကြောင့် အီရတ်နိုင်ငံတွင် အစာအဆိပ်သင့်သူလူနာဦးရေ တိုးတက်များပြားလာလျက်ရှိကြောင်း အီရတ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။**

အရည်အသွေးညံ့ဖျင်းသော အစားအသောက်များကြောင့် ဆေးရုံသို့ အစာအဆိပ်သင့်ကာ ရောက်ရှိလာသော လူနာဦးရေမှာ နေ့စဉ်များပြားလာနေကြောင်း၊ အထူးသဖြင့် ကလေးများပို၍ပါဝင်နေကြောင်း နိုင်ငံပိုင်ဆေးရုံများက မိမိတို့ထံ အကြောင်းကြားကြသည်ဟု ဝန်ကြီးဌာန အထက်တန်းအရာရှိ မူစတာဖာအယ်လ်အာနီက ပြောကြားသည်။

ဝမ်းသွားကာ အဆက်မပြတ်အော့အန်ခြင်းသည် အစာအဆိပ်သင့်သည့် ဝေဒနာ၏ ကနဦးလက္ခဏာပင်ဖြစ်သည်ဟု ဘဂ္ဂဒက်မှ ဆရာဝန်မူဟာမက်ရှမ်ဘာက ပြောကြားသည်။ ဝေဒနာခံစားနေရသည်အဆင့်မှ ကိုယ်ခန္ဓာ ရေခန်းခြောက်သည့်အဆင့်သို့ မကူးပြောင်းမီ လူနာကို ဆောလျင်စွာ ကုသပေးရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိမိတို့ဆေးရုံသို့ နေ့စဉ်နေ့တိုင်း အစာအဆိပ်သင့်၍ ရောက်ရှိလာသူလူနာအနည်းဆုံး သုံးဦးရှိနေကြောင်း၊ လူနာ၏ အကျိုးအကြောင်းနောက်ခံကို စုံစမ်းကြည့်လျှင် နှစ်ချို့အစားအစာကို ဝယ်ယူစားသုံးမိခြင်းနှင့် ချက်ပြုတ်ပြင်ဆင်ထားသော မသန့်ရှင်းသည့်အစားအစာကိုစားသုံးမိ၍ရောက်ရှိလာခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အီရတ်နိုင်ငံတွင် အစားအစာများကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးထိန်းချုပ်သော အကောင်းဆုံးစနစ်များကို ကျင့်သုံးနေသည်ဟု မှတ်ယူထားကြသည်။ သို့ရာတွင် ယခုအခါ နိုင်ငံတွင်း၌ အစားအစာများကို စားသုံးရန် သင့်တော်သည်ဟု သတ်မှတ်ထားသည့်ရက်ကို ကျော်လွန်နေသည့်တိုင်အောင် ရက်စွဲပြုပြင်ကာ ဆက်လက်၍ ရောင်းချနေကြသည်ဟု အရာရှိများက ပြောကြားကြသည်။

ယခုအခါ မြောက်ဘက်နယ်စပ်ဒေသတွင် အကောက်ခွန်စစ်ဆေးရေးဂိတ်များကို ဖယ်ရှားပေးလိုက်သည့်အတွက် နှစ်ချို့အစားအစာများ ဝင်လာရခြင်းဖြစ်သည်ဟု အရာရှိများက ဆိုသည်။

နှစ်ချို့အစားအစာများ၏ တံဆိပ်တွင်ပါရှိသော သတ်မှတ်ရက်ကို ပြောင်းလဲ၍ကပ်ကာ ဈေးဆိုင်များသို့ သွင်းကြသည့် အစားအသောက်များ ရှိနေကြောင်း၊ ထိုအစားအစာများကို စားသုံးသူများက ဝယ်ယူစားသောက်မိကြရာမှ ယခုကဲ့သို့ အစာအဆိပ်သင့်မှုများ ဖြစ်လာရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အစားအစာ ကျွမ်းကျင်သူ ဒေါက်တာဆာလာဟာဆန်က ပြောကြားသည်။

မိမိသည် စားသုံးရန် သင့်တော်သည်ဟု ယူဆရသော ဒိန်ခဲကို ဝယ်ယူ စားသုံးမိသည့်အတွက် ယခုအခါ ဝေဒနာခံစားနေရကြောင်း၊ ထိုပစ္စည်းပေါ်တွင် ကပ်ထားသော စားသုံးသင့်သည်ဆိုသော အမှတ်အသားမှာ အသစ်ပြန်၍ကပ်ထားခြင်းဖြစ်သည်ကို မိမိသားငယ်တွေ့မှ သိရကြောင်း၊ အမှန်ဆိုရလျှင် ထိုဒိန်ခဲသည် သတ်မှတ်ရက်လွန်နေသည်မှာ တစ်နှစ်ပင်ကျော်နေပြီ ဖြစ်ကြောင်း ယာမောက်ဆေးရုံမှ လူနာ ဆာလူဝါအလီက ကိုယ်တွေ့အဖြစ်အပျက်ကို ပြောကြားခဲ့သည်။ ***အင်တာနက်။***

# ဘူလ်ဂေးရီးယားတွင် ရေလွှမ်းမိုး လူ ၂၀ သေဆုံး

ကုလသမဂ္ဂ ဩဂုတ် ၂၀

ဘူလ်ဂေးရီးယားနိုင်ငံတွင်ရေလွှမ်းမိုးမှုကြောင့် လူ ၂၀သေဆုံးပြီး အပျက်အစီးတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၃ သန်းရှိကြောင်း ကုလသမဂ္ဂက ကြာသပတေးနေ့တွင် ဖော်ပြသည်။

**ကြေညာ**

လွန်ခဲ့သည့် ရက်သတ္တပတ်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေလွှမ်းမိုးသဖြင့် မြို့ ၁၅မြို့မှာ အရေးပေါ်အခြေအနေတွင်ရှိနေပြီး မြို့တော် ဆိုဖီယာ ဝန်းကျင်ဒေသ အပါအဝင် ဒေသငါးခုတွင်လယ်မြေအားလုံးနီးပါးပျက်စီးခဲ့ရကြောင်း လူသားချင်း စာနာမှုရေးရာညှိနှိုင်းဆောင်ရွက်ရေး ကုလသမဂ္ဂရုံးက ကြေညာသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေအရ လူလေးဦးကို မန်ချက်စတာရဲက ဖမ်းဆီး

**လန်ဒန် ဩဂုတ် ၁၉**

မန်ချက်စတာလေဆိပ်တွင် အကြမ်းဖက် ဆန့်ကျင်ရေး ဥပဒေပြဋ္ဌာန်းချက်အရ လူလေးဦးကို ရဲများကဖမ်းဆီးခဲ့ကြောင်း အင်္ဂလန်နိုင်ငံ မြောက်ပိုင်းရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

**ဖမ်းဆီး**

အဆိုပါ ဖမ်းမိရမိသော လူလေးဦးတွင် အသက်အရွယ်အားဖြင့် အသက် ၄၈ နှစ်နှင့် ၂၃ နှစ်အရွယ်ရှိ အမျိုးသားနှစ်ဦးနှင့် အသက် ၄၈နှစ်နှင့် ၂၇နှစ်ရှိ အမျိုးသမီးနှစ်ဦးတို့ဖြစ်သည်။ ၎င်းတို့ကို ၂၀၀၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အကြမ်းဖက်တိုက်ဖျက်ရေး ပုဒ်မ ၁၅ အရ တနင်္လာနေ့ညပိုင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု မန်ချက်စတာရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထိုဖမ်းဆီးခြင်း ခံရသူများသည် အကြမ်းဖက် ဆန့်ကျင်ရေးအတွက် ငွေကြေးရေးရာကူညီ ထောက်ပံ့ရာတွင်လည်းကောင်း သို့မဟုတ် အခြားထောက်ပံ့ပစ္စည်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပါဝင်ဆက်နွှယ်မှုရှိသည်။

**စုံစမ်းရှာဖွေ**

ရဲဌာနတွင် ၎င်းတို့ကို မန်ချက်စတာရဲအရာရှိက ဆက်လက် စစ်ဆေးမေးမြန်းနေဆဲဖြစ်ကြောင်း၊ မဒ်လန်ဒေသ အနောက်ပိုင်းကိုလည်း ရဲများက စုံစမ်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောဆိုခဲ့သည်။

၎င်းတို့သည် ဗြိတိန်နိုင်ငံ မြို့တော်တွင် လွန်ခဲ့သောလက ဗုံးခွဲတိုက်ခိုက်မှုနှင့် ဆက်နွှယ်မှုမရှိကြောင်း လန်ဒန်ရဲဌာနက ပြောကြားခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

**ဘဂ္ဂဒက်မြို့တွင် ကားဗုံး သုံးလုံး ပေါက်ကွဲပြီးနောက် မီးခိုးလုံးများ တက်နေသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# ပြင်သစ်နိုင်ငံကုန်သွယ်ရေး လိုငွေပြသနေ ယခုနှစ်ပထမနှစ်ဝက်တွင် ယူရို ၁၁ ဘီလီယံရှိ

ပဲရစ် ဩဂုတ် ၁၉

**ပြင်သစ်ကုန်သွယ်ရေးလိုငွေသည် ဇွန်လတွင် ယူရိုငွေ ၁ ဒသမ၁၉၄ ဘီလီယံရှိပြီး မေလလိုငွေမှာ ယူရိုငွေ ၁ ဒသမ ၁၄၈ ဘီလီယံရှိခဲ့သည်ဟု ဗုဒ္ဓဟူးနေ့တွင်ထုတ်ပြန်သော ပြင်သစ်အကောက်ခွန်ဌာန၏ စာရင်းအင်းများအရ သိရသည်။**

ပြင်သစ်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေသည် ယခုနှစ်၏ ပထမနှစ်ဝက်တွင် ယူရိုငွေ ၁၁ ဒသမ ၁၉၃ ဘီလီယံထိရှိပြီး၊ ၂၀၀၄ ခုနှစ် အလားတူကာလက ကုန်သွယ်ရေးလိုငွေ ယူရို ၅၈၁ သန်းရှိသည်ဟု အကောက်ခွန်ဌာနက ထုတ်ပြန်ခဲ့သည်။

တင်ပို့ကုန်တန်ဖိုးမှာ ဇွန်လတွင် ယူရိုငွေ ၂၉ ဒသမ ၇၆၈ဘီလီယံ၊ မေလတွင် ယူရိုငွေ ၃၀ ဒသမ ၆၁၀ ဘီလီယံရှိပြီး၊ တင်သွင်းကုန်တန်ဖိုးမှာ မေလတွင် ယူရိုငွေ ၃၁ ဒသမ ၇၅၈ ဘီလီယံမှ ဇွန်လတွင် ယူရိုငွေ ၃၀ ဒသမ ၉၆၂ ဘီလီယံခန့်သာရရှိခဲ့သည်။ စွမ်းအင်လုပ်ငန်းလိုငွေသည် မေလတွင် ယူရိုငွေ ၂ ဒသမ ၈၆၈ ဘီလီယံရှိပြီး ဇွန်လတွင် ၂ ဒသမ ၅၂၀ ဘီလီယံရှိသည်။

စက်မှုထုတ်ကုန် ကုန်သွယ်ရေးလိုငွေသည် ယူရိုငွေ ၁၂၇ သန်းရှိပြီး၊ စားသောက်ကုန် ကုန်သွယ်ရေး လုပ်ငန်းတွင် ကုန်သွယ်ရေးပိုငွေ မေလတွင် ယူရို ၅၇၃ သန်း၊ ဇွန်လတွင် ယူရို သန်း ၆၄၀ အသီးသီး မြင့်တက်ရရှိလာခဲ့သည်။

ဩဂုတ်လတွင် ကုန်ဈေးနှုန်းသည် မူလအတိုင်းရှိနေခဲ့သည်ဟု ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ စွမ်းအင်လုပ်ငန်း လိုအပ်ငွေသည် ယမန်နှစ်က ယူရို ၂၉ ဘီလီယံရှိရာမှ ယခုနှစ်တွင် ယူရို ဘီလီယံ၄၀ ကျော်ထိ ဖြစ်ပေါ်လာသည်။

ယမန်နှစ်က စွမ်းအင်လုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော ကုန်သွယ်ရေးလိုငွေမှာ ပြင်သစ်နိုင်ငံ၏ ကုန်သွယ်ရေး တစ်ရပ်လုံး၏ လိုငွေပမာဏ တစ်ဝက်မျှရှိသည်ဟု ဘဏ္ဍာရေးဌာနက ပြောဆိုသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၁ နိုင်ငံသို့ ပြင်သစ်ကုန်ပစ္စည်းများ ရောင်းချရမှုသည် ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

အာရှသို့ တင်ပို့ကုန်များသည် ၂၀၀၄ ခုနှစ် ဒုတိယနှစ်ဝက်ကာလနှင့် နှိုင်းယှဉ်လျှင် ၁၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ အာဖရိကသို့ ရောင်းချရမှုသည် ၁၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် အမေရိကသို့ ရောင်းချရမှုသည် ၄ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့သည်ဟု အကောက်ခွန်ဌာနက ပြောကြားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသား လူမျိုးများအားလုံး စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန် မလေးရှားဝန်ကြီးချုပ် တိုက်တွန်း

ကွာလာလမ်ပူ ဩဂုတ် ၁၉

**မလေးရှားနိုင်ငံအတွင်း စုစုစည်းစည်း ညီညီညွတ်ညွတ်နေထိုင်ကြပါမည်ဟူသော သဘောတူညီချက်ကို အမျိုးသားရေး အမွေအနှစ်တစ်ခုအဖြစ်ထိန်းသိမ်းပြီး ဥမကွဲသိုက်မပျက်ရှိကြရန် မလေးရှားဝန်ကြီးချုပ် အာမက်ဘာဒါဝီက လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နှစ်ပတ်လည်အခါသမယတွင် ပြောကြားလိုက်သည်။**

မလေးရှားနိုင်ငံအတွင်းရှိ ကွဲပြားခြားနားနေသော တိုင်းရင်းသား လူမျိုးအသီးသီးသည် တစ်ဦးနှင့် တစ်ဦး စည်းလုံးညီညွတ်စွာ နေထိုင်ဆက်ဆံသွားခြင်းဖြင့် အမျိုးသားရေး အောင်မြင်မှုများကို ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း ဘာဒါဝီက နိုင်ငံတောင်ပိုင်း ဂျိုဟောပြည်နယ် မြို့တော် ဂျိုဟောဘယာရူ၌ ကျင်းပသည့် အထိမ်းအမှတ်အခမ်းအနားများ ဖွင့်လှစ်ရာတွင် ပြောကြားသည်။

### လက်တွဲကြိုးပမ်း

မိမိတို့နိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးများ ညီညွတ်မှုရှိခြင်းသည် လွတ်လပ်ရေး ရယူစဉ်ကပင် လူမျိုးများအတွင်း ရရှိခဲ့သည့် သဘောတူညီချက်တစ်ရပ်ဖြစ်ပြီး ယင်းသဘောတူညီချက်ကိုမျိုးချစ်စိတ်ဓာတ်ရှိသည့် မျိုးဆက်သစ်လူငယ်များက ထောက်ခံအားပေးကြကြောင်း၊ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှုနှင့်အတူ မိမိတို့၏ နိုင်ငံသည် ၂၀၂၀ပြည့်နှစ်အမီ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ထူထောင်နိုင်ရေးအတွက် လက်တွဲ ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း ဘာဒါဝီ က ဖော်ပြသည်။

### သက်သေပြနိုင်

မလေးရှားနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သည့် နိုင်ငံတစ်ခုဖြစ်သော်လည်း နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ် နေထိုင်ကြပုံကို လွန်ခဲ့သည့် ၄၈ နှစ်တာ ကာလအတွင်း သက်သေပြနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့၏ စုစည်းညီညွတ်မှု အင်အားကြောင့် မလေးရှားနိုင်ငံကို ပြည်ပအင်အားစုများကလွှမ်းမိုးသိမ်းပိုက်ခြင်းမှ တားဆီးကာကွယ်နိုင်ခဲ့ကြောင်း ဘာဒါဝီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်-ရုရှားစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်မည့် စစ်လေယာဉ်တစ်စင်းကို ရုရှားနိုင်ငံအရှေ့ပိုင်း တစ်နေရာတွင် ဩဂုတ် ၁၉ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်နှင့်ရုရှား ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်

ဗလာဒီဗော့စတော့ ဩဂုတ် ၁၉

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် မည်သည့်နိုင်ငံတစ်နိုင်ငံကိုမဆို ရန်စလှုံ့ဆော်ခြင်း မဟုတ်ကြောင်း၊ အခြား မည်သည့်နိုင်ငံ တစ်နိုင်ငံ၏ အကျိုးစီးပွား ပျက်ယွင်းရန်လည်း ရည်ရွယ်ခြင်းမရှိကြောင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင်ပါဝင်သော တပ်မှူးများက ကြာသပတေးနေ့တွင် ပြောကြားသည်။

### ပူးတွဲစစ်ရေးလေ့ကျင့်

ရုရှားနိုင်ငံ အရှေ့ဖျားမြို့ကြီးတစ်မြို့ဖြစ်သော ဗလာဒီဗော့စတော့မြို့တွင် ကြာသပတေးနေ့နံနက်ပိုင်းမှစ၍တရုတ်နှင့် ရုရှား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်လျက်ရှိကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် လျောင်ဂန်လီနှင့် ရုရှားစစ်ဦးစီးချုပ် ယူရီဘာလူယက်စ်စကီးတို့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

### မြှင့်တင်နိုင်

မိမိတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်စေရန်လည်းကောင်း၊ အပြန်အလှန် ချစ်ကြည်မှု မြှင့်တင်နိုင်စေရန် လည်းကောင်း၊ နှစ်နိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့နိုင်ရန်လည်းကောင်း၊ ခြိမ်းခြောက်မှု အသစ်များကို ရင်ဆိုင်နိုင်စေမည့် စွမ်းပကားများ မြင့်မားလာစေရန်လည်းကောင်း ရည်ရွယ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ကြီးများက ပြောကြားကြသည်။

ကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့မှ တပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀၀ ပါဝင်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် မဟာဗျူဟာခင်းကျင်းခြင်း၊ တိုက်ပွဲစီမံခန့်ခွဲခြင်း၊ တပ်ဖွဲ့ဝင်များအား သယ်ယူပို့ဆောင်ခြင်းနှင့် တပ်ဖွဲ့များဖြန့်ကြက်ခြင်းတို့ကို လေ့ကျင့်ကြမည်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တူရကီ ခရီးသည်တင်လေယာဉ် အင်ဂျင်ချွတ်ယွင်း၍ အရေးပေါ်ဆင်းခဲ့ရ

ဘူဒါပက်စ် ဩဂုတ် ၁၉

ခရီးသည် ၃၀၀ ကျော် တင်ဆောင်ထားသော တူရကီခရီးသည်တင်ဂျက်လေယာဉ်တစ်စင်းသည် အင်ဂျင်စက်ချွတ်ယွင်းမှုကြောင့် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့သို့ ကြာသပတေးနေ့တွင် အရေးပေါ် ဆင်းသက်ခဲ့ရသည်ဟု ဘူဒါပက်စ်လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

### ၁၁ ဦး လိုက်ပါ

အဆိုပါ အေ-၃၀၀ အမျိုးအစား လေယာဉ်တွင် ခရီးသည် ၂၉၂ ဦးနှင့် လေယာဉ်အမှုထမ်း ၁၁ ဦး လိုက်ပါလာပြီး ဟန်ဂေရီနိုင်ငံမှ ဖြတ်သန်းပြီး တူရကီနိုင်ငံ အစ္စတန်ဘူလ်ထိုမှတစ်ဆင့် ဘယ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ပျံသန်းမည့်ခရီးစဉ်အတွင်း ယခုကဲ့သို့အရေးပေါ် အခြေအနေနှင့် ကြုံရခြင်းဖြစ်သည်။ ထိုလေယာဉ်ဆင်းသက်ရာတွင်ခရီးသည် တစ်ဦးမျှ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

### အကြောင်းကြား

ထိုလေယာဉ်၏ စက်တစ်လုံး ချွတ်ယွင်းနေကြောင်းနှင့် ကျန်စက်တစ်လုံးဖြင့်ပင် မြေပြင်သို့ ဆင်းသက်မှုပြုလုပ်မည်ဖြစ်ကြောင်း လေယာဉ်မှူးက အကြောင်းကြားခဲ့သည်ဟု ဟန်ဂေရီနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ အကြီးဆုံးလေဆိပ်ဖြစ်သော ဘူဒါပက်စ်လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူ အိုင်ဘိုလ်ရာဖိုရီကာက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ထိုလေယာဉ်၏စက် အဘယ်ကြောင့် ချွတ်ယွင်းရသည့်အကြောင်းအရင်းကို ချက်ချင်းမသိရှိရသေးဟုဆိုသည်။

အဆိုပါ ဖလိုင်းအဲယား လေကြောင်းလိုင်းကို ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထိုလေကြောင်းလိုင်းတွင် အဲဘတ်စ် အေ ၃၀၀ အမျိုးအစား လေယာဉ်ခုနစ်စင်း အပါအဝင် လေယာဉ် ၁၃ စင်းဖြင့် လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးနေကြသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကူဝိတ်နိုင်ငံ လခြမ်းနီအဖွဲ့က နိုင်ဂျာနိုင်ငံသို့ ရိက္ခာပေးပို့ ကူညီ

ကူဝိတ်စီးတီး ဩဂုတ် ၁၉

ငတ်မွတ်ခေါင်းပါးမှုနှင့် ကြုံတွေ့နေရသော နိုင်ဂျာနိုင်ငံဆီသို့ ကူဝိတ်နိုင်ငံ လခြမ်းနီအဖွဲ့မှ ပထမသုတ်အဖြစ်ပေးပို့သော အထောက်အပံ့များကို ဩဂုတ်လ ၁၈ ရက်တွင် လေယာဉ်ဖြင့် သယ်ယူသွားပြီ ဖြစ်ကြောင်း ကူဝိတ်သတင်းဌာန(ကေအင်အေ)က ဖော်ပြခဲ့သည်။ နိုင်ဂျာနိုင်ငံသားများမှာ အငတ်ဘေးနှင့် ရောဂါဘေးဆိုးများ ကြုံတွေ့နေရပြီ ဖြစ်သည့်အတွက် အကူအညီများ ပံ့ပိုးပေးကြပါရန် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာသော အဖွဲ့အစည်းများက တောင်းခံခဲ့သည်။

### အကူအညီများပေး

ထိုတောင်းခံချက်ကို တုံ့ပြန်သောအားဖြင့် ကူဝိတ်နိုင်ငံ လခြမ်းနီအဖွဲ့(ကေအာရ်စီအက်စ်)က အကူအညီများ ပေးပို့ခြင်းဖြစ်ကြောင်း ကေအာရ်စီအက်စ်၏ဥက္ကဋ္ဌ ဘာဂျာစ်အယ်လ်ဘာဂျာစ်က ပြောကြားခဲ့သည်။

ကူဝိတ်နိုင်ငံလေတပ်ပိုင် သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြင့် ပေးပို့လိုက်သော ရိက္ခာအကူ ၁၀ တန်တွင် ဆန်၊ သကြား၊ ဟင်းရွက်ဆီ၊ ပဲနီလေး၊ နို့မှုန့်၊ ဆား၊ ဘီစကစ်နှင့် စည်သွတ် အစားအစာများ ပါဝင်ကြောင်း ကေအာရ်စီအက်စ်ဥက္ကဋ္ဌက ပြောကြားသည်။

### အသုံးပြုခွင့်ပေး

ယခု ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ကူဝိတ်လေတပ်က လေယာဉ်ကို အသုံးပြုခွင့် ပေးခြင်းဖြစ်ကြောင်း သတင်းက ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကက်ရှ်မီးယား၌ ကားဗုံးပေါက်ကွဲ၊ လူရှစ်ဦးဒဏ်ရာရ

နယူးဒေလီ ဩဂုတ် ၁၉

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် အင်အားပြင်းထန်သည့် ကားဗုံးတစ်လုံးပေါက်ကွဲရာ အိန္ဒိယရဲတပ်ဖွဲ့ဝင် ခြောက်ဦး အပါအဝင် လူရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် အိန္ဒိယ-အာရှ သတင်းဌာနက ဗုဒ္ဓဟူးနေ့က ဖော်ပြလိုက်သည်။

ဗဟိုရဲအရန်တပ်ဖွဲ့ဝင်နှစ်ဦး၏ အခြေအနေမှာ စိုးရိမ်စရာကောင်းလှကြောင်း တောင်ပိုင်းကက်ရှ်မီးယား ရဲတပ်ဖွဲ့အကြီးအကဲဖြစ်သူ အာမက်က ဖော်ပြပါ သတင်းဌာနအား ပြောကြားသည်။ အဆိုပါ ပေါက်ကွဲမှုသည် ဆရီနဂါးမြို့မှ ၈၅ ကီလိုမီတာအကွာရှိ အနန်နက်ခရိုင် ကက်တရင်ကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိမ်လုပ်ဗုံးတစ်လုံးကို မော်တော်ယာဉ်တစ်စီးအတွင်းထောင်ထားပြီး ဖော်ပြပါဗဟိုရဲအရန်တပ်ဖွဲ့ဝင်များ ယင်းဒေသသို့ ကင်းလှည့်လာစဉ် ခွဲထွက်ရေးသမားပြောက်ကျားများက ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု အာမက်က ပြောကြားသည်။

ပြင်းထန်သည့်ဗုံး ဖောက်ခွဲမှုကြောင့် မော်တော်ယာဉ်ပျက်စီးပြီး တပ်ဖွဲ့ဝင် ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အာမက်က ပြောကြားသည်။

အခင်းဖြစ်ပွားရာဒေသကို ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသွားအလာပိတ်ဆို့လိုက်ပြီး ရှာဖွေမှုများ ပြုလုပ်နေသည်။

ယင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့ကမျှ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ အိမ်လုပ်ဗုံး ထောင်ထားခဲ့သည့် မော်တော်ယာဉ်မှာ အစိတ်စိတ်အမြွှာမြွှာဖြစ်ကာ ပေါက်ကွဲခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ဘင်္ဂလားဒေ့ရှ်တွင် ကုန်သွယ်မှုလိုငွေပြ

ဒါကာ ဩဂုတ် ၁၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သွင်းကုန်တန်ဖိုးမှာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၆၃ ဘီလီယံရှိပြီး ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၅၄ ဘီလီယံရှိသည်။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် နိုင်ငံ၏ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ရှိပြီး ၂၀၀၃-၂၀၀၄ ခုနှစ်ထက် ၂၄ ရာခိုင်နှုန်း မြင့်တက်လာသည်။ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရှိပြီး ၂၀၀၂-၂၀၀၃ ခုနှစ်နှင့် ၂၀၀၃-၂၀၀၄ ခုနှစ်တို့တွင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံနှင့် ၃ ဒသမ ၂ ဘီလီယံအထိ အသီးသီးမြင့်တက်လာသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# အိမ်မှဝေးသော အိမ်

ငွေးအောင် (ခရီးသွား)

လူတို့သည် ကမ္ဘာဦးအစကပင် ခရီးသွားလာခြင်းကို စိတ်ဝင်တစားရှိခဲ့ကြသည်။ ရေကြည်ရာမြက်နုရာ ရှာဖွေရန် ခြေဆန့်ကြ၏။ ကူးသန်းရောင်းဝယ်ရန် ရွက်လွှင့်ကြ၏။ နယ်ပယ်ချဲ့ထွင်လိုသည့်အတွက် စစ်ချီကြ၏။ ဤနည်းဖြင့် တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်ပေါင်းကူးမှုများရှိလာခဲ့လေသည်။ စက်မှုပညာရပ် ထွန်းကားလာသောအခါ ခရီးသွားလာမှုပိုမိုတွင်ကျယ်လာ၏။ စက်မှုခေတ်မှသည် ကွန်ပျူတာခေတ်သို့ ရောက်ရှိလာသည့်အခါတွင် အချိန်တိုအတွင်း အလွယ်တကူ ပေါက်ရောက်လာနိုင်၏။ ထိုမှတစ်ဆင့် အလုပ်လုပ်ချိန် သက်သာတိုတောင်းလာသည့်အခါ အားလပ်ချိန်များ ပိုမိုလာသည်။ ယင်းအချိန်ကို အပန်းဖြေအနားယူခြင်း၊ ဒေသန္တရဗဟုသုတရှာဖွေခြင်းတို့ဖြင့် ဖြည့်ဆည်းကြသည်။ ထိုအခါခရီးသွားလာခြင်းကို စီးပွားရေးလုပ်ငန်းအဖြစ် ဖော်ထုတ်လုပ်ကိုင်လာကြသည်။ ခရီးသွားလာအပန်းဖြေခြင်းဖြင့် ကုန်ခန်းသွားခဲ့သောအင်အားကို ပြန်လည်ဖြည့်ဆည်းပေးနိုင်သည်ဟုဆို၏။ စိတ်သစ်လူသစ်ဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာခြင်းဖြင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်သည်ဟု ပြောကြ၏။ သို့ဖြင့် ၈၀ ပြည့်နှစ်များမှစတင်ကာ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာလေတော့သည်။

လူတို့ခရီးသွားလာခြင်းနှင့် စပ်လျဉ်း၍ သုတေသီများက ဆန်းစစ်တွက်ချက်ပြကြ၏။ အထူးသဖြင့် ခရီးမသွားခင် စိုးရိမ်ပူပန်တတ်မှုများရှိကြသလို တစ်ဦးချင်း စိုးရွံ့ထိတ်လန့်မှုများလည်း ရှိတတ်ကြသည်။

ခရီးသွားရာတွင် သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားပေါ်တွင်မူတည်၍လည်း စိုးရွံ့မှုပမာဏကို ရာခိုင်နှုန်းခွဲခြားထားရှိပါသည်။ ဥပမာ– လေယာဉ်ပျံ၊ သင်္ဘော၊ ရထား၊ ကားတို့ဖြင့်သွားရာတွင် ဖြစ်ပေါ်တတ်သည့်စိုးရွံ့ကြောင့်ကြမှုများဖြစ်သည်။ သို့ဖြစ်ရာ ခရီးစဉ်တွင် လိုက်ပါမည့်ခရီးသည်များ စိတ်အေးချမ်းမြေ့စေရန်အတွက် ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်များ၊ ပို့ဆောင်ရေးလုပ်ငန်းများက ဖြစ်ပေါ်လာနိုင်သည့် အခြေအနေ အကြောင်းကြောင်းတို့ကို ကြိုတင်၍ အသိပေးပြောကြားထားရလေ့ရှိ၏။

မကြာမီက ကျွန်တော်တို့အထက်မြန်မာပြည်ခရီးစဉ် ဒေသများသို့ သွားရောက်ခဲ့သည်။ မန္တလေး၊ သီပေါ၊ ကျောက်မဲ၊ လားရှိုးမြို့များတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များထက် တိုင်းရင်းသားပိုင်ဟိုတယ်များက ပိုမိုသည်။ မြန်မာပြည်တွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ ပေါ်ထွန်းလာခဲ့သော်လည်း အများစုမှာ တိုင်းရင်းသားပိုင်ဟိုတယ်၊ မိုတယ်များသာဖြစ်သည်။တိုင်းရင်းသားဟိုတယ်လုပ်ငန်းရှင်များသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ဤလုပ်ငန်းကို စတင်ထူထောင်ခဲ့ရာ ယခုအခါတွင် အရှိန်အဟုန်နှင့် အတွေ့အကြုံများ ရရှိလာကြပြီဖြစ်သည်။ မိမိတို့၏ ဟိုတယ်များကို နေချင့်စဖွယ်၊ နားခိုချင်စဖွယ်ဖြစ်အောင် ပြုပြင်မွမ်းမံ လာတတ်ကြသည်။ ဟိုတယ်တစ်လုံးတွင် ရှိသင့်ရှိထိုက်သည့် ဝန်ဆောင်မှုများရှိအောင် စီစဉ်ကြသည်။

ကျွန်တော်တို့အဖွဲ့သည် လားရှိုးကအပြန် မန္တလေးကတစ်ဆင့် ကလော၊ ပင်းတယ၊ ညောင်ရွှေနှင့် တောင်ကြီးဒေသသို့ ဆက်လက်ခရီးဆန့်ခဲ့ကြသည်။ ကလောတွင် တိုင်းရင်းသားပိုင်ဟိုတယ်၊မိုတယ်၊ အင်း ၁၉ လုံးရှိရာ ပြည်တွင်း၊ ပြည်ပဧည့်သည်များ အဆင်ပြေစွာ နားခိုနိုင်သည့် အဆင့်အတန်းရှိကြသည်။ ပင်းတယ၏ အဓိကဆွဲဆောင်မှုမှာ လိုဏ်ဂူတော်ကြီးဖြစ်သည်။ ဘုရားဖူးရုံသက်သက်သာဖြစ်၏။ ယခင်ကညအိပ်ထက် နေ့ချင်း ပြန်သူကများခဲ့သည်။ တစ်ချိန်က ပင်းတယတွင် ဌာနဆိုင်ရာ ဟိုတယ်တစ်လုံးသာရှိခဲ့၏။ နိုင်ငံတော်က အောင်ပန်း၊ ရွာငံ၊ မြို့ကြီး၊ မန္တလေးလမ်းကြောင်း ဖောက်လုပ်ပေးလိုက်သည့်အခါ ပြည်တွင်းခရီးသည်များအတွက် ပင်းတယသည် တစ်ထောက်နားရပ် ဖြစ်လာသည်။ ပင်းတယတွင် ညအိပ်တည်းခိုနေထိုင်မှု များပြားလာရာ ဟိုတယ်၊ မိုတယ်များလည်း တိုးပွားလာခဲ့သည်။ ကွန်ကာရာနှင့် အင်းလေးအင်းတို့သည် ပင်းတယတွင် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ နှစ်ခြိုက်သော အဆင့်မြင့်ဟိုတယ်များဖြစ်သည်။

အင်းလေးတွင် ယခုအခါ ဟိုတယ်၊ မိုတယ် ၄၀ ခန့်ရှိရာ ကန်မကြီးထက် ကန်စပ်တစ်လျှောက်တွင် တည်ရှိကြသည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိအောင် ထိန်းသိမ်းကာကွယ်ထားကြသည်။ ဟိုတယ်များကို တောရိပ်တောင်ရိပ်နှင့် လိုက်ဖက်အောင်၊ထိုးထိုးထောင်ထောင်မဖြစ်အောင် တည်ဆောက်ကြသည်။ ရေမြေကောင်းသဖြင့် သစ်ပင်ပန်းမန်များကို မျက်စိပသာဒဖြစ်အောင်စိုက်ပျိုးထားသည်။ အချို့က ရိုးရာလေ့လုပ်ငန်းများကို လေ့လာနိုင်အောင် ဟိုတယ်ပရဝဏ်အတွင်း တပ်ဆင်လုပ်ကိုင်ပြသကြသည်။ ဝန်ထမ်းအများစုသည် ရှမ်းရိုးရာ ဝတ်စုံများကို ဝတ်ဆင်၍ ဝန်ဆောင်မှု ပြုလေ့ရှိ၏။ အင်းထဲတွင် ရှမ်းရိုးရာ အိုးစည်သံနှင့် မောင်းသံတို့မှာ နားဝင်ပီယံရှိလှသည်။ ရှမ်းရိုးရာအကသည် မြင်ရသူအဖို့ ပါဝင် က ချင်လာအောင် ဆွဲဆောင်မှု အားကောင်းသည်။ အင်းလေးသို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်ရောက်ရှိမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း ကိန်းဂဏန်းများက ဖော်ပြလျက်ရှိ၏။ ဟိုတယ်၊ မိုတယ်များရှိ ဝန်ထမ်းများ၏ ဝန်ဆောင်မှု၊ ဖော်ရွေမှုနှင့် ဧည့်ဝတ်ကျေပွန်မှုတို့သည် အဆင့်အတန်းရှိသည်။ ကျွမ်းကျင်မှုရှိသည်။ လုပ်ငန်းရှင်တို့သည် ၎င်းတို့၏ ဝန်ထမ်းအများစုကို ရန်ကုန်ရှိ သင်တန်းကျောင်းသို့ စေလွှတ်ကာ စာတွေ့လက်တွေ့ သင်ကြားစေသည်။

အချို့ အဆင့်မြင့်ဟိုတယ်များသည် ဥရောပမှ မန်နေဂျာများကို ခန့်ထားကာ စီမံကွပ်ကဲစေသည်။ ဒေသခံ မန်နေဂျာများနှင့် ဝန်ထမ်းများကို အတူမြင် အတတ်သင်ခွင့် ပေးထားခြင်းဖြစ်သည်။ အချို့ဥရောပမန်နေဂျာများမှာ သူတို့လူမျိုး ဧည့်သည်များအတွက် ရုပ်ပြဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းအားလုံးကို ပြည်တွင်းမန်နေဂျာများက ဦးစီးလုပ်ဆောင်သွားကြလေ့ရှိသည်။ ဟိုတယ်လုပ်ငန်းသည် ဝန်ဆောင်မှု ပြည့်စုံကောင်းမွန်ရန် လိုအပ်သည်သာမက အနုပညာဆန်ဖို့ လိုအပ်သည်။ ဆွဲဆောင်မှု အားကောင်းသော ပြင်ဆင်မွမ်းမံမှု၊ ခြယ်မှုန်းပြသမှုများမှာ အရေးကြီးသည်။ ဒေသဖြစ် အသုံးအဆောင်များဖြင့် လှပအောင်ဖွဲ့စည်းနေရာချထားခြင်းကို ဧည့်သည်များက နှစ်ခြိုက်မြတ်နိုး တန်ဖိုးထားကြသည်။ **မြန်မာလုပ်ငန်းရှင်များ၊ ပြည်တွင်းမန်နေဂျာများနှင့် ဗိသုကာများ၊ အင်ဂျင်နီယာများသည် ယခုအခါ ဟိုတယ်၊ မိုတယ်များကိုမည်သို့ ပြင်ဆင်မွမ်းမံ တည်ဆောက်ရမည်ကို ကောင်းစွာသိရှိနားလည်နေကြပြီဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ငပလီခရီးစဉ်ဒေသများရှိ ပြည်တွင်းအဆင့်မြင့် ဟိုတယ်များကို ကြည့်လျှင် ၎င်းတို့၏ လက်ရာမွန်များကို တွေ့မြင်ခံစားရပေမည်။**

စင်စစ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် မမြင်ရသူပုဂ္ဂိုလ်တစ်ဦးအား ၎င်း မတွေ့ထိ မခံစားရသေးသည့် ခံစားမှုမျိုးရရှိနိုင်မည့်အကြောင်း ကြိုတင်အသိပေး ရောင်းချခြင်းဖြစ်သည်။ ဝယ်သူကလည်း မမြင်မတွေ့ရသေးသည့် နေရာတစ်ခုကို အိပ်မက်ထဲကအတွေးဖြင့် ပီတိစိမ့်ပြီး မျှော်လင့်တကြီးဖြင့် ခရီးစဉ်တစ်ခုကို ဝယ်ယူခြင်းဖြစ်သည်။ နယ်မြေသို့အမှန်တကယ်ရောက်ရှိပြီး သူ့အကြိုက်တွေ့သွားသည့်အခါ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ကုန်သည်။ ထို့အတွက် ဟိုတယ်လုပ်ငန်းကို မြှင့်တင်ကြော်ငြာရာတွင် ထိရောက်သော ဆွဲဆောင်သည့် မြှင့်တင်ရေးစကားတစ်လုံးမှာ **“အိမ်မှဝေးသော အိမ်”** (Home away from Home) ဆိုသည့် စကားပင်ဖြစ်သည်။ ဤစကားရပ်သည် ဟိုတယ်လောကတွင် အထူးရေပန်းစားသည့် စကားရပ်တစ်ခု ဖြစ်ပေသည်။

အင်းထဲတွင် ပြည်တွင်းလုပ်ငန်းရှင်များ၏ ရွှေကျွန်းမျော၊ ခေါင်တိုင်၊ အင်းလေးအပန်းဖြေ၊ အင်းလေးမင်းသမီး၊ ကန်သာယာတို့မှာ ထင်ရှားကျော်ကြားသည်။ ပုဂံတွင် ပုဂံဟိုတယ်၊ ဧရာဟိုတယ်၊ သဇင်ဥယျာဉ်၊ ထန်းဥယျာဉ်၊ သရပါတို့မှာ လူသိများသည်။ မန္တလေးတွင် မန္တလေးမြို့တော်၊ မန္တလေးဗျူးအင်း၊ မြစိမ်းရောင်အင်း၊ မြမန္တလာတို့မှာ ရှေ့တန်းစာရင်းဝင်သည်။ ရန်ကုန်တွင် မြရိပ်ညိုရွှိုင်ရယ်၊ ပင်ဒါ၊ အေးရှားပလာဇာ၊ စင်ထရယ်၊ ယုဇန၊ ယုဇနဥယျာဉ်၊ အိပ်စဲဆဲလ်ထရဲရှား၊ အက်စ်ပေ့စ်အာဗင်းနီးယား (အီးအေ)၊ ပင်နိုရားမားတို့မှာ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ရောင်းအားရှိသော ဟိုတယ်များဖြစ်သည်။

ဟိုတယ်၊ မိုတယ်များသည် ဧည့်သည်များ စုံစမ်းမေးမြန်းသည့်အခါ လက်ကမ်းစာစောင်၊ စာအုပ်၊ ကြော်ငြာတို့မှလည်းကောင်း၊ အင်တာနက်၊ အီးမေးလ်၊ တယ်လီဖုန်းတို့ကတစ်ဆင့်လည်းကောင်း မိမိတို့၏ အခြေအနေများကို ထုတ်ဖော်ပြောကြားရလေ့ရှိသည်။ ဧည့်သည်ကအမှန်တကယ်ကြိုက်နှစ်သက်ပြီး ဟိုတယ်သို့ရောက်ရှိလာသည့်အခါတွင် လိုအပ်လျှင် လေဆိပ်မှစတင်ကြိုဆိုပို့ဆောင်ပေးသည်။ လာရောက်သည့် ဧည့်သည်မှာ လေဆိပ်ဧည့်ခန်းမတွင် မိမိတည်းခိုရမည့် ဟိုတယ်အမည်ပါသည့် လက်ကိုင်ဆိုင်းဘုတ်ကလေးကို မြင်တွေ့လိုက်ရသည့်အခါ ရင်တွင်းဖြစ်ပေါ်နေသည့် ပူပန်မှုတစ်ခု ယုတ်လျော့ကာ ပေါ့ပါးသွားလေသည်။

လေဆိပ်မှ ဟိုတယ်သို့ လာရောက်ရာတွင် စီးနင်းလိုက်ပါလာရသည့် မော်တော်ယာဉ်မှာ သက်သောင့်သက်သာရှိပြီး လိုအပ်လျှင် ကြိုတင်အသိပေးပြောကြားပေးမည့် ဧည့်လမ်းညွှန်တစ်ဦးကယာဉ်ပေါ်တွင် ရှင်းလင်းပြောကြားပေးနိုင်လျှင် ပိုမိုကောင်းမွန်သည်။ ဟိုတယ်သို့ ရောက်ရှိသည့်အခါ ကြိုဆိုရေးအဖွဲ့၊ ပစ္စည်းသယ်ယူရေးအဖွဲ့တို့က စနစ်တကျကြိုဆိုကြပြီး ဧည့်ခန်းတွင်ထိုင်ရင်း မိတ်ဆက်အအေးလေးတိုက်လိုက်ပါက ပင်ပန်းနွမ်းနယ်မှု၊ စိုးရိမ်ပူပန်မှုတို့ကို ပြေပျောက်သွားစေမှာ အမှန်ဖြစ်သည်။

ဧည့်ကြိုတာဝန်ခံတို့က ဧည့်သည်များအား ၎င်းတို့တည်းခိုရမည့် အခန်းသို့ လိုက်လံပြသပြီး အခန်းအနေအထားကို ရှင်းလင်းပြောကြားကာ ဧည့်သည်လက်ထဲသော့အပ်ပြီး ထွက်ခွာသွားသည့်အခါတွင် ပထမဆုံး အခန်းသော့သည် ထိန်းသိမ်းကိုင်တွယ်ရ လွယ်၊ မလွယ် သတိပြုလိမ့်မည်။ ထို့နောက် ဧည့်သည်မှာ အခန်းထဲတွင် တစ်ယောက်တည်းကျန်ရစ်ခဲ့ပြီး မိမိစူးစမ်းလိုသည့်အရာများကို စတင်စူးစမ်းပေလိမ့်မည်။ ယင်းအချိန်သည် အိပ်ခန်းဆောင်ထိန်းသိမ်းရေးအဖွဲ့၏ ပြည့်ဝမှန်ကန်စနစ်ကျသော ဝန်ဆောင်မှုအပေါ်တွင် များစွာ မူတည်သွားလေသည်။

ခေါင်းအုံး၊ အိပ်ရာ၊ အိပ်ရာခင်း၊ စောင်များ၊ သန့်ရှင်းမွှေးပျံ့မှု၊ အိမ်သာ၊ ရေချိုးခန်းအနံ့အသက် ကင်းစင်ပြီးသန့်ရှင်းမှု၊ ရေ၊ မီးပြည့်စုံမှု၊ ဆပ်ပြာ၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်၊ ကိုယ်လိမ်းဆေးရည်၊ အပ်နှင့်အပ်ချည်၊ နားကလော်တံ၊ ရေချိုးရန်ခေါင်းစွပ်၊ အမျိုးသမီးအသုံးအဆောင်၊ ဆံပင်အခြောက်ခံစက်၊ ခေါင်းဘီး၊ သောက်ရေပုလင်း (အခမဲ့)၊ ရေနွေးအိုး၊ ရေခဲသေတ္တာ၊ ဖန်ခွက်၊ မျက်နှာသုတ်ပဝါ၊ ကိုယ်သုတ်၊ လက်သုတ်၊ ခြေသုတ်ပဝါများ၊ ဖိနပ်၊ အဝတ်ချိတ်၊ အပိုအင်္ကျီ၊ လုံခြုံရေးသေတ္တာ စသည်တို့ ပြည့်စုံသည့်အခါတွင် နောက်ဆုံး တယ်လီဖုန်းနှင့် တယ်လီဖုန်းမှတ်တမ်းကို ကြည့်ပေလိမ့်မည်။ တယ်လီဖုန်းကောင်း၊ မကောင်း၊ အနည်းဆုံးအော်ပရေတာ သို့မဟုတ် ဧည့်ကြိုသို့ မေးခွန်းတစ်ခုခုမေးမိပေလိမ့်မည်။ အချို့ဟိုတယ်များက တယ်လီဖုန်းနှင့်အတူ အိပ်ရာနှိုးစက် တွဲထားသည်။ ယင်းကိစ္စများပြီးသည့်အခါ ပြတင်းလိုက်ကာ၊ ပြတင်းမှန်တံခါးတို့ကတစ်ဆင့် ပတ်ဝန်းကျင်ကို လေ့လာမည်။ ဝရန်တာရှိက အပြင်ထွက်ပြီးထိုင်ကြည့်မည်။ ပန်းချီကားချိတ်ထားက ပုံရိပ်၏အဓိပ္ပာယ်ကို ဖော်ကြည့်မည်။ ဟိုတယ်က အဆင့်မြင့်သဖြင့်သစ်သီးခြင်းဖြင့် ဧည့်ခံထားလျှင် မြီးစမ်းကြည့်မည်။ အခြားဖော်ပြထားသည့် စာစောင်နှင့်အကြောင်းအချက်များရှိက ဖတ်ရှုလေ့လာမည်။ အများအားဖြင့် ဟိုတယ်၏စည်းကမ်းချက်များ၊ ပြည်တွင်း၊ ပြည်ပ တယ်လီဖုန်းဆက်သွယ်မှုစနစ်အကြောင်း၊ ဟိုတယ်၏ဝန်ဆောင်မှု အစီအစဉ်များ၊ မဂ္ဂဇင်း၊ စာစောင်၊ လမ်းညွှန်နှင့်စာရေး စက္ကူများထားရှိပေးတတ်သည်။ အချို့သောဟိုတယ်များက ဧည့်သည်ကို အလေးထားသည့်အနေဖြင့် အခန်းတွင်း၌ ထီး၊ ဘာသာရေးစာအုပ်၊ဒေသဖြစ်တိုင်းရင်းဆေးနှင့်အင်္ဂလိပ်ဆေးအချို့ကို ဖြည့်ဆည်းပေးထားသည်။

အချို့ဧည့်သည်မှာ အိပ်ခန်းထဲရောက်လျှင် အခြားဘာမျှမလုပ်ဘဲ တီဗွီကိုဖွင့်ကာ မိမိနှစ်သက်ရာလိုင်းကို ကြည့်နေတတ်၏။ အနည်းဆုံး ဂြိုဟ်တု စလောင်းလိုင်းများနှင့် မြဝတီ၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တို့တော့ ရရှိနေဖို့လိုအပ်သည်။

ဧည့်သည်သည် အိပ်ခန်းထဲသို့ရောက်ရှိပြီးနောက် ဖော်ပြပါဝန်ဆောင်မှုများကို လက်ခံရရှိသွားသည့်အခါတွင် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝရရှိသွားပြီဖြစ်သည်။ မိမိရောက်ရှိနေသောနေရာသည် မိမိနေအိမ်နှင့်မခြား အစစပြည့်စုံနေပါလားဆိုသည့် ကျေနပ်မှုကိုရရှိခံစားရပြီဖြစ်သည်။ ဤနေရာတွင် အဆင်မပြေမှုတစ်ခုခုတွေ့ရှိရပါက ဧည့်သည်စိတ်တွင် မလုံမလဲဖြစ်မှု၊ ယုံကြည်စိတ်ချရမှု လျော့နည်းလာမည့်အပြင် မကျေနပ်မှု၊ ပေးရသည့်ငွေကြေးနှင့်ရရှိသည့် ဝန်ဆောင်မှုမလျော်ကန်မှုများဖြစ်ကာကန့်ကွက်မှုများရှိလာမည်ဖြစ်သည်။ ယင်းသို့ဧည့်သည်များ၏ မကျေနပ်သံ၊ ကန့်ကွက်သံ၊ ညည်းညူသံများသည် တစ်ဆင့်စကား တစ်ဆင့်နားပြန့်ပွားသွားသည့်အခါ ဟိုတယ်နာမည်လည်း တစ်စထက် တစ်စမှေးမှိန်ကာ နောက်ဆုံးပျောက်ကွယ်သွားပေလိမ့်မည်။ သို့ဖြစ်ရာ မိမိတို့၏ ဟိုတယ်၊ မိုတယ်နှင့်အင်းများ အရည်အသွေးတောက်ပြောင်ရေး၊ အဆင့်အတန်းမြင့်မားရေးနှင့် ဝန်ဆောင်မှု ကောင်းမွန်ရေးတို့အတွက် စီမံခန့်ခွဲသူများအနေဖြင့် ဟိုတယ်နှင့်ဝန်ထမ်းများအပေါ် မျက်ခြည်မပြတ်ဂရုပြုရန်လိုအပ်ပေသည်။

စင်စစ်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် မမြင်ရသူပုဂ္ဂိုလ်တစ်ဦးအား ၎င်းမတွေ့ထိမခံစားရသေးသည့် ခံစားမှုမျိုးရရှိနိုင်မည့်အကြောင်း ကြိုတင်အသိပေးရောင်းချခြင်းဖြစ်သည်။ ဝယ်သူကလည်း မမြင်မတွေ့ရသေးသည့် နေရာတစ်ခုကို အိပ်မက်ထဲကအတွေးဖြင့် ပီတိစိမ့်ပြီး မျှော်လင့်တကြီးဖြင့် ခရီးစဉ်တစ်ခုကို ဝယ်ယူခြင်းဖြစ်သည်။ နယ်မြေသို့အမှန်တကယ်ရောက်ရှိပြီး သူ့အကြိုက်တွေ့သွားသည့်အခါ ပြောမဆုံးပေါင်တောသုံးထောင် ဖြစ်ကုန်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အားသုံးအားဖြင့် ဆောင်ရွက်လျက်ရှိ
# ဒေသစီးပွားဖွံ့ဖြိုးရေး ရာသီသီးနှံစုံများ၊ နှစ်ရှည်သီးနှံများတိုးချဲ့စိုက်
# ကျောင်းနေအရွယ်တိုင်း ကျောင်းအပ်နှံ၍ ပညာကိုဆုံးခန်းတိုင်အထိ သင်ကြားပေး

ရန်ကုန် ဩဂုတ် ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၁၅ရက် နံနက် ၈နာရီတွင် ပုလဲမြို့နယ် ကုက္ကိုစုကျေးရွာသို့ရောက်ရှိပြီး အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကုက္ကိုစုကျေးရွာ၊ မုံကြိုင်းကျေးရွာ၊ မင်းမ(အရှေ့)ကျေးရွာ၊ လက်တောင်းကြီးကျေးရွာ၊ အလယ်ဘုံကျေးရွာတို့မှ ဒေသခံပြည်သူ ၁၅၀၀နှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးညှိနှိုင်းကာ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။**

**ပေးအပ်လှူဒါန်း**

တွေ့ဆုံပွဲအခမ်းအနားတွင် ရှေးဦးစွာ ကျေးရွာများမှ တာဝန်ရှိသူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူးက တင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကုက္ကိုစုကျေးရွာနှင့် မုံကြိုင်းကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် ၁၀၀၀၀၀ စီ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကုက္ကိုစု ကျေးရွာအုပ်စုနှင့် မုံကြိုင်းကျေးရွာအုပ်စုတို့မှ ပြည်သူများအတွက် ဆပ်ပြာခဲများ၊ အဝတ်အထည်များ၊ စောင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းမျိုးစုံနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းသော ပလတ်စတစ်မိုးကာများ၊ ပလတ်စတစ်ပုံးများနှင့် စည်သွတ်အသားဘူးများ၊ ပဲဘူးများကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများ၊ စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက စာကြည့်တိုက်များအတွက် စာအုပ် စာတမ်းမျိုးစုံကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် ပုပ္ပာကျေးရွာ၊ ပုထိုးသာကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် ကမ္ဘားရပ်ကျေးရွာများသို့သွားရောက်ပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျေးလက်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် မွန်းလွဲ ၁၂နာရီခွဲတွင် ရွာနောင်ကျေးရွာ ပညာဝေပုလ္လ စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး စာကြည့်တိုက်ကို ဆရာတော် ဦးဝေပုလ္လနှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက် အတွင်းလှည့်လည် ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် ရွာနောင် ရွာလယ်ကျောင်းတိုက် ဆရာတော် ဦးဝဏ္ဏိတအား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရွာနောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။ တွေ့ဆုံပွဲအခမ်းအနားသို့ ရွာနောင်ကျေးရွာ၊ မုန်သွင်ကျေးရွာ၊ ပုပ္ပာကျေးရွာ၊ ပုထိုးသာကျေးရွာ၊ ပဲခင်းမကျေးရွာ၊ ကမ္ဘားရပ်ကျေးရွာ၊ ပိတောက်ကုန်းကျေးရွာ၊ ချင်ပစ်ကျေးရွာနှင့် ကံကြီးကျေးရွာတို့မှ ပြည်သူ ၁၄၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးရွာအလိုက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ရွာနောင် ကျေးရွာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၁၀၀၀၀၀၊ ပုပ္ပာကျေးရွာ မူလတန်းကျောင်းပြုပြင်ရန်အတွက် ငွေကျပ် ၅၀၀၀၀နှင့် ပုထိုးသာကျေးရွာ မူလတန်းကျောင်းပြုပြင်ရန်အတွက် ငွေကျပ် ၅၀၀၀၀တို့ကို ဗဟိုအတွင်းရေးမှူးက ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရွာနောင်ကျေးရွာအုပ်စု၊ ပုပ္ပာကျေးရွာအုပ်စုနှင့် ပုထိုးသာကျေးရွာ အုပ်စုတို့မှ ပြည်သူများအတွက်ဆပ်ပြာခဲများ၊ အဝတ်အထည်များ၊ စောင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းသော ပလတ်စတစ်မိုးကာများ၊ ပလတ်စတစ်ပုံးများ၊

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

**ပုလဲမြို့နယ် ရွာနောင်ကျေးရွာရှိ ပညာဝေပုလ္လ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဆရာတော် ဦးဝေပုလ္လတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဩဂုတ် ၁၅ရက်က ရွာနောင်ကျေးရွာ၊ မုန်သွင်ကျေးရွာ၊ ပုပ္ပာကျေးရွာ၊ ပုထိုးသာကျေးရွာ၊ ချင်ပစ်ကျေးရွာ၊ ကံကြီးကျေးရွာ၊ ပဲခင်းမကျေးရွာ၊ ကမ္ဘားရပ်ကျေးရွာ၊ ပိတောက်ကုန်း ကျေးရွာဒေသခံ ပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဩဂုတ် ၁၅ရက်က ကုက္ကိုစုကျေးရွာအုပ်စုနှင့် မုံကြိုင်းကျေးရွာအုပ်စုတို့မှ ပြည်သူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)

**❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ထို့အတွက် ဟိုတယ်လုပ်ငန်းကို မြှင့်တင်ကြော်ငြာရာတွင် ထိရောက်သော ဆွဲဆောင်သည့် မြှင့်တင်ရေးစကားတစ်လုံးမှာ “အိမ်မှဝေးသော အိမ်” (Home away from Home)ဆိုသည့် စကားပင်ဖြစ်သည်။ ဤစကားရပ်သည် ဟိုတယ်လောကတွင် အထူးရေပန်းစားသည့် စကားရပ်တစ်ခုဖြစ်ပေသည်။

**နိုင်ငံတော်အစိုးရသည် ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင်ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များအား ယင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုခဲ့သည်မှာ ၁၅ နှစ်တိုင်ခဲ့ပြီ။ ယခုအခါတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မည်သို့လုပ်ကိုင်ဆောင်ရွက်ရမည်ကို ကွက်ကွက်ကွင်းကွင်း သိမြင်လာကြပြီဖြစ်သည်။ ဤလုပ်ငန်းနယ်ပယ်အတွင်းဝန်ဆောင်မှုပြုလျက်ရှိသော ဝန်ထမ်းအင်အားစုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွား မြင့်မားလာသည်ကို တွေ့ရပေသည်။ ဤလုပ်ငန်းကြောင့် လူထုအတွင်း ထပ်ဆင့် အကျိုးသက်ရောက်မှုများမှာလည်း ပြည်သူများ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။**

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလုပ်ငန်းရှင်များအကျိုးကို ရှေးရှုကာ မကြာမီကပင် ဤလုပ်ငန်းမှရရှိသော ဝန်ဆောင်မှုရငွေ (နိုင်ငံခြားငွေ) များကို ထိုက်သင့်သည့်အခွန် ပေးဆောင်ပြီးနောက် မိမိတို့လိုအပ်သည့် ကုန်သွယ်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုလိုက်ပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ခရီးသွားများအတွက် ၎င်းတို့၏ အိမ်မှဝေးသော အိမ်ကလေးများကို အဆင့်မြင့်အောင် ကြိုးပမ်း ဆောင်ရွက်ရင်း တစ်ဖက်တစ်လမ်းမှလည်း အတွေ့ပရ မျှတစွာ ဆောင်ရွက်လုပ်ကိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# အာဆီယံအင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာထူးချွန်ဆု (၂၀၀၄) နှင့် အာဆီယံစွမ်းအင်ဆိုင်ရာဆုများရရှိသော ဝန်ကြီးဌာနများအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၂၀

**မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက** ASEAN Engineering Outstanding Awards (2004) **ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့က ဆွတ်ခူးရရှိခဲ့ခြင်းနှင့်** ASEAN Energy Awards (2005) **ကို သစ်တောရေးရာဝန်ကြီးဌာနက ဆွတ်ခူးရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမဦကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။**

### တက်ရောက်

အဆိုပါဂုဏ်ပြုပွဲ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံသံရုံးများမှသံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင် အင်ဂျင်နီယာများ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအနေဖြင့် အာဆီယံ အင်ဂျင်နီယာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ Wood Land Group တို့မှ အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာနှင့် စွမ်းအင်ဆိုင်ရာ ထူးချွန်ဆုများ ရရှိသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်းကို မှတ်တမ်းတင် ပြောကြားလိုကြောင်း။

### တိုးတက်ရာဖွေ

ASEAN Engineering Outstanding Awards ဆုရရှိခဲ့သော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကုန်းတွင်းနှင့် ကမ်းလွန်ဒေသများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ရာဖွေထုတ်ယူလျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ရတနာသဘာဝဓာတ်ငွေ့မြေ၊ ရဲတံခွန်သဘာဝ ဓာတ်ငွေ့မြေအပြင် ရခိုင်ကမ်းလွန်ဒေသတွင် သဘာဝဓာတ်ငွေ့ အမြောက်အမြား တွေ့ရှိသည့်အတွက် မြန်မာနိုင်ငံနှင့် ပြည်သူ၊ပြည်သားများအတွက် များစွာ အကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဆောင်ရွက်ချက်များကို အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်က ယခုကဲ့သို့ အသိအမှတ်ပြုဂုဏ်ပြုချီးမြှင့်သည့်အတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုကြောင်း။

### စက်မှုဖွံ့ဖြိုးရေးအထောက်အကူပြု

ထို့အတူ မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ရေအားလျှပ်စစ်ဦးစီးဌာန၏ မြန်မာနိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိသည့် ရေအား လျှပ်စစ်စီမံကိန်းကြီးများသည်လည်း များမကြာမီကာလအတွင်း ပြည်သူပြည်သားများနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် အထောက်အကူပြုတော့မည်ဖြစ်ကြောင်း၊ ဤစွမ်းဆောင်ချက်များကို အသိအမှတ်ပြု၍ ဆုချီးမြှင့်ခဲ့သော အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်ကိုလည်း ကျေးဇူးတင်ရှိကြောင်း။

### စွမ်းအင်ချွေတာရေး

တစ်ဖက်တွင် လောင်စာစွမ်းအင်၊ ရေအားလျှပ်စစ်စွမ်းအင် အစရှိသည့် စွမ်းအင်အမျိုးမျိုးကိုလုံလောက်အောင် ဖော်ထုတ်ရန် ကြိုးစားဆောင်ရွက်ရန်ရှိသကဲ့သို့ စွမ်းအင်ခြိုးခြံချွေတာရေးသည်လည်း မရှိမဖြစ် ဆောင်ရွက်ရမည့်ကိစ္စတစ်ခုဖြစ်သည်ဟု ယူဆပါကြောင်း၊ သို့အတွက် အာဆီယံ စွမ်းအင်ဗဟိုဌာန (ASEAN Centre for Energy) မှ ချီးမြှင့်သော ASEAN Energy Efficient Building Awards(2005) ကို Mount Popa Resort မှ ဆုရရှိခဲ့ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် စွမ်းအင် ခြိုးခြံချွေးတာရေးကိုလည်း မျက်ခြည်မပြတ်စေဘဲ ဆောင်ရွက်လျက်ရှိသည်ကို အသိအမှတ်ပြုသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်း။

အထက်ပါ ဆုအသီးသီးကို ရရှိအောင် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီး၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြု ဂုဏ်ယူကြောင်း။

### တက်တက်ကြွကြွ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးအနေဖြင့် မြန်မာနိုင်ငံ၏ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အင်ဂျင်နီယာနည်းပညာ ပြန့်ပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍများတွင် တက်တက်ကြွကြွ ဆောင်ရွက်နေသည်ကို တွေ့ရှိသဖြင့် များစွာနှစ်ထောင်း အားရဖြစ်မိပါကြောင်းဖြင့် ပြောကြားသည်။

### ပဌမဆု

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြားရာတွင် ယနေ့ ASEAN Energy Awards (2005) ပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံများမှ New & Existing Building, Retrofitted Building, Tropical Building, Special Submission ခေါင်းစဉ် လေးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ Popa Mountain Resort အနေဖြင့် ပထမဆု ချီးမြှင့်ခြင်းခံခဲ့ရကြောင်း၊ ထိုသို့ အရှေ့တောင်အာရှ နိုင်ငံတကာနယ်ပယ်အတွင်း ပထမဆုချီးမြှင့်ခြင်းခံရသည့်အတွက် ဌာနဆိုင်ရာအနေဖြင့် လည်းကောင်း၊ နိုင်ငံတော်အနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်းကို ပြောကြားလိုပါကြောင်း။

ASEAN Energy Awards ပြိုင်ပွဲ၏ နောက်ခံသမိုင်း အကျဉ်းချုပ်ကို လေ့လာပါက ၁၉၉၄–၁၉၉၅ခုနှစ်တွင် အာဆီယံနိုင်ငံများ၊ စွမ်းအင်အကျိုးရှိစွာ အသုံးချသောအဆောက်အအုံများ၊ Energy Efficient Buildings များကို နှစ်စဉ်ရွေးချယ်ပြီး ဆုချီးမြှင့်နိုင်ရန် ဂျပန်နိုင်ငံမှ ရန်ပုံငွေ ထည့်ဝင်ထူထောင်ပေးခဲ့ပြီး နှစ်စဉ်ပြိုင်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရှိရပါကြောင်း၊ ထိုပြိုင်ပွဲကို မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ အားပေးစေ့ဆော်မှု၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် အခြားသော ဌာနဆိုင်ရာများမှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၀၂ခုနှစ်တွင် ကမ္ဘောဇဘဏ်ရုံးချုပ် အဆောက်အအုံ ပြည်လမ်းအား Special Submission ခေါင်းစဉ်ဖြင့် ပထမဆုချီးမြှင့်ခံခဲ့ရကြောင်းကို သိရှိရကြောင်း၊ အခြားသော ခေါင်းစဉ်များနှင့်လည်း ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆည်အများဆုံး ဆောက်လုပ်နိုင်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း လမ်း/တံတားအရှည်ဆုံး ဖောက်လုပ်တည်ဆောက်နိုင်မှု စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ဓာတ်ငွေ့ပိုက်လိုင်း အရှည်ဆုံးသွယ်တန်းနိုင်မှု စသည်ဖြင့် ဆုများရရှိခဲ့ကြောင်းကို လေ့လာတွေ့ရှိရကြောင်း။

ထို့သို့ယှဉ်ပြိုင်ရာတွင် Asian Energy Awards ကျင်းပရေးအဖွဲ့အနေဖြင့် စွမ်းအင်အရင်းအမြစ်ကို ထိရောက်စွာအသုံးချခြင်း၊ Energy Conservation စွမ်းအင်ကို ထိန်းသိမ်းအသုံးပြုခြင်းနှင့် သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှု မဖြစ်ပေါ်ရေးကို ရည်ရွယ်အကဲဖြတ်ခဲ့ကြောင်း။

ဆုရရှိသည့် Popa Mountain Resort နှင့်ပတ်သက်၍ အနည်းငယ်ရှင်းလင်း အသိပေးလိုကြောင်း၊ Popa Mountain Resort သည် မြန်မာနိုင်ငံအလယ်ပိုင်း မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်း မြို့နယ်အတွင်း တည်ရှိပြီး အပူပိုင်းဒေသအတွင်း ထူးခြားသည့် နေရာဒေသတစ်ခုလည်းဖြစ်ကြောင်း။

### လမ်းညွှန်ချက်နှင့်အညီ

သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပုပ္ပားတောင်တည်ရှိရာ နယ်မြေတစ်ဝိုက်ကို စိမ်းလန်းစိုပြည် သာယာလှပစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစေရေးအတွက် ပုပ္ပားတောင်ဥယျာဉ်အမည်ဖြင့် ၁၉၈၉ခုနှစ် ဩဂုတ်လ ၂၄ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ကြောင်း။

### ပုပ္ပားတောင်နယ်မြေ

ထို့သို့ဆောင်ရွက်ရာတွင် ကြိုးဝိုင်းနယ်မြေ ၃၁၇၆၃ဧကနှင့် အဆိုပြုကြိုးပြင် ကာကွယ်တောနယ်မြေ ၃၃၂၅၆ ဧက၊ စုစုပေါင်း ၆၅၀၁၉ ဧကကို စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စီမံချက်ချကာ ငွေအင်အား၊ လူအင်အား၊ ပစ္စည်းအင်အားတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပုပ္ပားတောင်နယ်မြေသည်ကန္တာရထဲမှ အိုအေစစ်သဖွယ် ဖြစ်ထွန်းလာခဲ့ကြောင်း၊ သဘာဝအလှနှင့် စိမ်းလန်းစိုပြည်ရေးများကို ပြည်တွင်းပြည်ပ လူအများခံစားအနားယူ အပန်းဖြေနိုင်ရန်အတွက် Popa Mountain Resort ကို ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၁၉၉၉ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် လုပ်ငန်းအားလုံး အချောသပ် တည်ဆောက်နိုင်ခဲ့ကြောင်း၊ မြေနေရာ ရှုခင်း၊ ရှုကွက်၊ လေကောင်းလေသန့်၊ အလင်းရောင် လုံလောက်စွာရရှိရေးကို စဉ်းစားတွက်ချက် တည်ဆောက်ခဲ့ကြောင်း၊ Popa Mountain Resort သည် Artificial Energy စွမ်းအင် အနည်းဆုံး အသုံးပြုပြီး သဘာဝအလင်းရောင်၊ လေဝင်လေထွက်၊ လေကောင်းလေသန့် ရရှိခံစားနိုင်အောင် ဆောင်ရွက်ထားကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းဖြင့် စွမ်းအင် ခြိုးခြံချွေတာနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှု ထိခိုက်မှုနည်းပါးကြောင်းကို တွေ့ရှိရကြောင်း၊ စွမ်းအင်ခြိုးခြံချွေတာနိုင်ခြင်းဖြင့် လောင်စာဆီ ခြိုးခြံချွေတာခြင်း၊ နိုင်ငံခြားသုံးငွေ ခြိုးခြံချွေတာနိုင်ခြင်း၊ မီးခိုးမှ ကာဗွန်မိုနောက်ဆိုဒ်၊ ကာဗွန်ဒိုင်အောက်ဆိုဒ် စသည့် ဓာတ်ငွေ့များထွက်ပေါ်ပြီး အိုဇုန်းလွှာထိခိုက်ခြင်းဖြင့် ကမ္ဘာမြေ ပူနွေးခြင်းမှ လျော့ပါးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း၊ ထို့ပြင် အပန်းဖြေအနားယူကြသည့် လူပုဂ္ဂိုလ်များအတွက် သဘာဝလေကောင်းလေသန့် ရှူရှိုက်နိုင်ခြင်းကြောင့် ကျန်းမာရေး ညီညွတ်မျှတသည့် အကျိုးကျေးဇူးများ ခံစားကြရမည်ဖြစ်ကြောင်း လေ့လာသိရှိရကြောင်း၊ ထို့သို့ အကျိုးတရားများစွာ ရရှိရေး တွက်ချက် ဆောက်လုပ်ခဲ့သော Wood Land ကုမ္ပဏီမှ ဦးဝင်းအောင်၏ စွမ်းဆောင်မှုကိုလည်း ချီးကျူးမှတ်တမ်းတင်ရမည်ဖြစ်ကြောင်း။

### အရှိန်အဟုန်မြှင့်ရာရောက်

ယခုကဲ့သို့ နိုင်ငံတကာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အောင်မြင်မှု ရရှိခြင်းကြောင့် လူတစ်ဦးချင်း၊ ဌာနဆိုင်ရာတစ်ခုခြင်းတို့၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေသကဲ့သို့ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အရှိန်အဟုန်မြှင့်ရာရောက် ကြောင်း၊ ထို့အပြင် အင်ဂျင်နီယာ အတတ်ပညာရှင်များ၊ ဗိသုကာအတတ်ပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတတ်ပညာရှင်များ၊ ပိုမိုတိုးတက် ပေါ်ပေါက်လာမည်ဟု ယုံကြည်မိပါကြောင်း။

### အကျိုးကျေးဇူးရရှိ

ယနေ့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ယခုဤပြိုင်ပွဲတွင် ပထမဆုချီးမြှင့်ခံရခြင်းကြောင့် နိုင်ငံတော်အတွင်း သဘာဝအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ ထိရောက်စွာ အသုံးချရေး၊ စွမ်းအင်လောင်စာဆီ ခြိုးခြံချွေတာ ထိန်းသိမ်းရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့် အကျိုးကျေးဇူးများ ရရှိဖြစ်ပေါ်ကြောင်းကို လေ့လာတွေ့ရှိကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### အမှာစကားပြောကြား

ASEAN Engineering Outstanding Awards (2004)**ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့က ဆွတ်ခူးရရှိခဲ့ခြင်းနှင့်** ASEAN Energy Awards (2005) **ကို သစ်တောရေးရာဝန်ကြီးဌာနက ဆွတ်ခူးရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုသည့် အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ASEAN Engineering Outstanding Awards(2004) **ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့က ဆွတ်ခူးရရှိခဲ့ခြင်းနှင့်** ASEAN Energy Awards (2005) **ကို သစ်တောရေးရာဝန်ကြီးဌာနက ဆွတ်ခူးရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုသည့်အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က သစ်တောရေးရာဝန်ကြီးဌာနက ရရှိသောဆုကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်အား လွှဲပြောင်းပေးအပ်စဉ်။** (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

## အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ယခုအမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ လာမည့်အမျိုးသားညီလာခံတွင် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ယခုအစည်းအဝေးတွင် တင်ပြရန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီကတင်ပြသည့် ကိစ္စများနှင့်စပ်လျဉ်းပြီး တက်ရောက်လာကြသည့် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အကြံဉာဏ်ပေး ဆွေးနွေးသွားကြရန်ဖြစ်ကြောင်း။

ထို့ပြင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များအနေဖြင့် မိမိတို့တာဝန်ယူထားသည့် ကိစ္စရပ်များကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ပြီး ကော်မရှင်အစည်းအဝေးသို့ တင်ပြ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံတွင် လုပ်ငန်းကော်မတီက တင်ပြရန်ရှိသည့် ကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့်ကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အမျိုးသားညီလာခံတွင် ချမှတ်ရန်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ရန် ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင်မြို့ သံလွင်တံတား(မော်လမြိုင်) မုတ္တမဘက်ကမ်း၌ ကွန်ကရစ်ရက်မ သံချည်သံကွေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

✳ မွန်ပြည်နယ်မှ

၄၀၀၀၀၀ ပြည့်မီရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာက မွန်ပြည်နယ်အတွင်း ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ရော်ဘာတိုးချဲ့စိုက်ပျိုးကြမည့် ပုဂ္ဂလိက တောင်သူများအား ဒေသအာဏာပိုင်အဖွဲ့က ကူညီပံ့ပိုးဆောင်ရွက်ပေးနေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မွန်ပြည်နယ်သည် တစ်နိုင်ငံလုံး၌ ရော်ဘာအများဆုံး စိုက်ပျိုးနိုင်သည့် ပြည်နယ်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရော်ဘာစိုက်ပျိုးမှုအားနည်းလာခဲ့သည်ကို ပြန်လည်မြှင့်တင်ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကတောင်သူများအနေဖြင့် ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရန်အတွက် မြေနေရာ၊ ရော်ဘာပျိုးပင်နှင့် စိုက်ပျိုးရေးနည်းစနစ်များကို သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရော်ဘာကို နိုင်ငံတော်က လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ခွင့် ပေးထားပြီးဖြစ်ရာ ပုဂ္ဂလိကတောင်သူများအနေဖြင့် မိမိတို့ အကျိုးစီးပွားဖြစ်ထွန်းပြီး နိုင်ငံတော်အတွက်လည်း ကုန်ထုတ်သစ်တောများတိုးပွားကာ ရေမြေရာသီဥတုကိုပါ အကျိုးဖြစ်ထွန်းစေသဖြင့် တိုးတက်စိုက်ပျိုးကြရန် ဆွေးနွေးမှာကြားပြီး ပုဂ္ဂလိကရော်ဘာစိုက်တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ သံလွင်တံတား(မော်လမြိုင်) တံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သံလွင်တံတား(မော်လမြိုင်) မော်လမြိုင်ဘက်ကမ်း စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က သံလွင်တံတား(မော်လမြိုင်) မီးရထားလမ်းပင်မတံတားနှင့် ချဉ်းကပ်တံတားတည်ဆောက်မှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



# သံလွင်တံတား(မော်လမြိုင်) ကားလမ်းကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ် မီးရထားလမ်းကိုပါ သတ်မှတ်ချိန်အပြီး ဆောင်ရွက်ရေး မှာကြား

ဆက်လက်၍ မုတ္တမဘက်ကမ်း စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက မီးရထားချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှုနှင့် ကျန်ရှိနေသော လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယခုအခါ သံလွင်တံတား(မော်လမြိုင်) မီးရထားလမ်း ပင်မတံတားနှင့် ချဉ်းကပ်တံတား မော်လမြိုင်ဘက်ကမ်းနှင့် မုတ္တမဘက်ကမ်းနှစ်ခုလုံး၏ တည်ဆောက်ရေးလုပ်ငန်းများ ၄၇ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးလွမ်းသူက မော်လမြိုင်ဘူတာယာဒ်ဝင်းမှ တံတားကြီးထိပ်ထိ ချဉ်းကပ်မီးရထားလမ်းလုပ်ငန်း၊ ဘူတာယာဒ်ဝင်း တည်ဆောက်မှုလုပ်ငန်း၊ ဘူတာတည်ဆောက်မှုလုပ်ငန်း၊ သံလမ်းခင်းခြင်းလုပ်ငန်းနှင့် မုတ္တမဘက်ကမ်း မီးရထားလုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး လုပ်ငန်းများကို ဆောလျင်စွာ ပြီးစီးအောင်ဆောင်ရွက်ရေး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာ့မီးရထားတို့ ပေါင်းစပ်ညှိနှိုင်း ကူညီပံ့ပိုးဆောင်ရွက်ကြရေး မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရှင်းလင်းဆောင်ရှုရပ်မှ သံလွင်မြစ်၏ ရေစီးရေလာ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစ်ရေပိုမိုတက်လာပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်ထားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် တံတားကြီး၏ မုတ္တမဘက်ကမ်း၌ ကွန်ကရစ်ရက်မ သံချည်သံကွေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မော်လမြိုင်ဘက်ကမ်း၌ မီးရထားလမ်း သံလမ်းဘေးကင်းမှု ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ PC Grider တပ်ဆင်နေမှုကိုလည်းကောင်း၊ စက်ယန္တရားဖြင့် မြေတူးခြင်း၊ သံချည်သံကွေးလုပ်ငန်း ဆောင်ရွက်နေခြင်းတို့ကိုလည်းကောင်း၊ သံပေါင်လုပ်ငန်းဆောင်ရွက်နေမှုနှင့် PC Grider အတွင်း သံမဏိကြိုးအပြီးသတ် ဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ ချဉ်းကပ်တံတားတိုင် (R.A-2)၌ မြေတူးလုပ်ငန်း၊ သံချည်သံကွေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မီးရထားချဉ်းကပ်လမ်း မြေသားလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သံလွင်တံတား(မော်လမြိုင်)ကားလမ်းကို ဖွင့်လှစ်ပေးခဲ့ပြီး မော်တော်ယာဉ်များ ကူးသန်းသွားလာနိုင်ပြီဖြစ်၍ မီးရထားလမ်းကိုပါ သတ်မှတ်ချိန်အပြီး ဆောင်ရွက်ကြရေးဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်လမြိုင် ဘူတာယာဒ်ဝင်းသို့ သွားရောက်၍ မော်လမြိုင်ဘူတာရုံတည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ Good Faith Co., Ltd. မှ တာဝန်ရှိသူများက ဘူတာရုံအဆောက်အအုံနှင့် ရထားစက်ရုံတည်ဆောက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ဆက်လက်၍မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က ဆုရဝန်ကြီးဌာနများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်ဆုရရှိသော ရေအားလျှပ်စစ်ဦးစီးဌာနအတွက်ဆုကို ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်ဆုရရှိသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် ဆုကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်အားလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲဝင် ဆုရရှိသော သစ်တောဦးစီးဌာနအတွက် ဆုကို ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်အားလည်းကောင်း လွှဲပြောင်းချီးမြှင့်သည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က မြန်မာ အင်ဂျင်နီယာအသင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ အသင်းအဆောက်အအုံ တည်ဆောက်ရန်အတွက် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အလှူရှင် ၁၈ဦးတို့က အလှူငွေကျပ်သိန်း ၃၀၀ နှင့် အက်ဖ်အီးစီ ၂၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးသန်းမြင့်၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးတို့က လက်ခံကြပြီး အသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဈေးကုန်း အနောက်ရပ်ကွက် လှိုင်မြစ်လမ်းနေ ကွယ်လွန်သူ မိဘ ဦးတင်ဝမ်း-ဒေါ်ပြုံးကြည်တို့အား ရည်စူး၍ သားသမီး မြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် စဉ့်အိုးတန်းအထက်လမ်းသို့ ရောက်ရှိ၍ မြို့နယ်သန့်ရှင်း သာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်စေရန် မြို့နယ်စည်ပင်သာယာ ဝန်ထမ်းများနှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍ စဉ့်အိုးတန်းအထက် လမ်းဝဲ/ယာ ရေနုတ်မြောင်းများနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး စဉ့်အိုးတန်းအထက်လမ်း ရေနုတ်မြောင်းမှတစ်ဆင့် မြစ်ထွက်ပေါက် ရေနုတ်မြောင်းသို့ ရေစီးဆင်းမှု အခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအလုပ် အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးနှင့် လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတို့သို့ သွားရောက်၍ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့်တွေ့ဆုံပြီး နိုင်ငံတော်မူဝါဒများ၊ဦးတည်ချက် (၁၂)ရပ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့ကို ရှင်းလင်းပြောကြားကာ အသင်းကြီး၏လုပ်ငန်းတာဝန်များကို သိရှိနားလည်၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် နယ်မြေဒေသဖွံ့ဖြိုး အဆင့်မြင့်ရေးတို့ကို ဆောင်ရွက်ကြရန် မှာကြားပြီး မြို့နယ်အသင်းများ၏ ဆောင်ရွက်ထားရှိမှု လုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

**မြေမှာစပါး**
**ရေမှာငါး**
**စိုက်မွေးအားထား**
**ပြည့်စီးပွား**

# အင်းစိန်မြို့ ဖောင်တော်ဦးဘုရားကြီး ဘက်စုံပြုပြင်တည်ဆောက်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

**အင်းစိန်မြို့ ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ဘက်စုံပြုပြင် တည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ် (က+ခ) ရပ်ကွက်ရှိ အဆိုပါဘုရားကြီး အာရုံခံတန်ဆောင်း၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဩဝါဒါစရိယ အင်းစိန်မြို့ ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော် မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ သာသနာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် နိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အင်းစိန်မြို့ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူက ဘုရားကြီးဘက်စုံပြုပြင် တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်း လျှောက်ထားသည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အင်းစိန်မြို့ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံပြုပြင် တည်ဆောက်ရေးအတွက်

**အင်းစိန်မြို့ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံပြုပြင် တည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်နေ ဒေါက်တာမောင်မောင်အေး–သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မိမိလှိုင် (မိုးဟိန်းကုမ္ပဏီလီမိတက်) မိသားစုက ငွေကျပ် သိန်း ၁၅၀ ကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သာသနာရေး)

အလှူရှင်များဖြစ်ကြသည့် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်နေ ဒေါက်တာ မောင်မောင်အေး–သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မိမိလှိုင် (မိုးဟိန်းကုမ္ပဏီလီမိတက်) မိသားစုက ငွေကျပ် သိန်း ၁၅၀၊ အင်းစိန်မြို့နယ် ဈေးကုန်း အနောက်ရပ်ကွက်နေ ဦးမြင့်–ဒေါ်စန်းတင် မိသားစုနှင့် နံ့သာကုန်းရပ်ကွက်နေ တရားရုံးချုပ်ရှေ့နေ ဦးလှကြည် မိသားစုတို့က ငွေကျပ် ၁၀သိန်းစီ၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်းမှ သီဟသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း–ဒေါ်ဆင်နု (ရွှေနဒီသယ်ယူပို့ဆောင်ရေး) မိသားစု၊ အင်းစိန်မြို့နယ် မြို့သစ်ရပ်ကွက်နေ ဦးဝင်းလှိုင်–ဒေါ်ခင်နီသန်း မိသားစုနှင့် ထန်းပင်ကုန်း ရပ်ကွက်နေ ဦးချစ်မွေ့–ဒေါ်မြင့်မြင့်ရီ (သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး) မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ မြို့သစ်ရပ်ကွက်နေ ဦးဝင်းမြင့် – ဒေါ်အေးအေး မိသားစုက ဓာတ်တော်အစုံ ဖိုဝပူဇော်ရန် အလှူငွေကျပ်လေးသိန်း အပါအဝင် အလှူရှင် ၄၃ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၂၂၆၀၃၇၀၀ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ဩဝါဒါစရိယ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဝန်ကြီးနှင့် ပရိသတ်တို့က ဩဝါဒကထာနာယူကြသည်။

### အမျှပေးဝေ

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဩဝါဒါစရိယ အင်းစိန်မြို့နယ် မဟာမြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ ဝန်ကြီးနှင့် ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

Wood Land Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်တို့က ရေကူးကန်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရေကူးကန်အဝင် မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဧည့်သည်တော်များသည် ရေကူးကန်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ရေသန့်စင်စက်များပါရှိ

ယနေ့ ဖွင့်လှစ်သည့် ကန်တော်ကြီးရေကူးကန်သည် ကန်တော်ကြီး သဘာဝဥယျာဉ် ပညာပေးဇုန် (Education Zone) အတွင်းရှိ စိုက်ပျိုးရေးပြတိုက်အနီး၌ တည်ရှိပြီး အလျား ၁၀၅ ပေ၊ အနံပေ ၅၀၊ ရေအနက်သုံးပေမှ ကိုးပေအထိရှိသည်။ အဆိုပါ ရေကူးကန်ဝင်းအတွင်း Ticketing House Changing Room၊ ကလေးရေကူးကန်နှင့် ရေသန့်စင်စက်များပါရှိပြီး Club-House တစ်လုံးကိုလည်း တည်ဆောက်လျက်ရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စံပြရဲ ရေးဖြေစာမေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံး စွမ်းရည် (၄)ရပ် မြင့်မားလာစေရန်နှင့် စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုတို့တွင် စံပြုနိုင်စေရန်အတွက် စံပြရဲ စိစစ်ရွေးချယ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအစီအစဉ်များကို နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၀၅ ခုနှစ်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အဆင့် စံပြရဲရေးဖြေစာမေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကင်း ပညာရေးကောလိပ်၌ ကျင်းပသည်။ **(ယာပုံ)**

### ဝင်ရောက်ဖြေဆို

အဆိုပါ စံပြရဲ ရေးဖြေစာမေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ရဲတပ်ရင်းများ၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့များနှင့် လေ့ကျင့်ရေးကျောင်းများမှ ရဲအုပ်အဆင့်၊ ဒုတိယရဲအုပ်အဆင့်၊ ရဲအရာခံအဆင့်၊ ရဲတပ်ကြပ်ကြီးအဆင့်၊ ရဲတပ်ကြပ်အဆင့်၊ ရဲဒုတိယ တပ်ကြပ်အဆင့်နှင့် ရဲတပ်သားအဆင့်တို့မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၈ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

စံပြရဲရေးဖြေစာမေးပွဲကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် ရဲအရာရှိကြီးများ လာရောက်ကြည့်ရှု စစ်ဆေးကြပ်မတ်ကြသည်။ (သတင်းစဉ်)

## တောင်ကြီးမြို့နယ်တွင် ကျေးလက်တံတား လုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၀**

တောင်ကြီးမြို့ စည်ပင်သာယာရေးအဖွဲ့က ကျေးလက် လမ်း/တံတား လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ တောင်နီ–သံလွန်း ကျေးလက်ကျောက်ချော လမ်းပေါ်ရှိ သစ်သားတံတား ရက်မ၊ ကြမ်းခင်းနှင့် လက်ရန်းတန်းများအစားထိုး ပြုပြင်ခြင်းလုပ်ငန်းကို တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းနိုင်တို့က ဇူလိုင် ၂၄ရက်တွင် ကွင်းဆင်းကြီးကြပ်ပေးခဲ့သည်။ (သတင်းစဉ်)

**ဩဂုတ် ၁၉ ရက်က ရန်ကင်းမြို့နယ် အမှတ်(၆)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ဥမ္မာထွေး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွေးမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

**❍ အောင်ပွဲရမှ**

သောင်းသောင်းဖြဖြ ကြိုဆိုနိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေယာဉ်ကွင်းလမ်းဆုံ၊ ၎င်းမှ ပြည်လမ်းအတိုင်းရှစ်မိုင်လမ်းဆုံ၊ ဆက်လက်၍ လှည်းတန်းလမ်းဆုံ၊ ထိုမှတစ်ဆင့် ဟံသာဝတီအဝိုင်း၊ ၎င်းမှ အလုံလမ်းနှင့် ပြည်လမ်းဆုံ၊ ဆက်လက်၍ အလုံလမ်းအတိုင်း ဦးဝိစာရ အဝိုင်း၊ ဦးထောင်ဘို အဝိုင်း၊ တာမွေလမ်းငါးခွဆုံမှတစ်ဆင့် အရှေ့မြင်းပြိုင်ကွင်းလမ်းဆုံ၊ ၎င်းမှ စူပါဝမ်း(မထသ)အရှေ့မှ သုဝဏ္ဏအားကစားကွင်းအထိ မော်တော်ယာဉ်များဖြင့် လှည့်လည်ဂုဏ်ပြုခံမည်ဖြစ်သည်။

သုဝဏ္ဏအားကစားကွင်းတွင် အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးသမားများအား ဂုဏ်ပြုသည့်အနေဖြင့် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံ အသက် (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ U-17 ဘောလုံးအသင်းနှစ်သင်းတို့က ခြေစမ်းယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားလည်း ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁–၈–၂၀၀၅ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်း ဟောပြောချက် အပိုင်း (၃) |
| ၇း၂၀ | တေးဂီတအစီအစဉ် |
| ၇း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၃၀ | Sunday Talk |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ | မြန်မာစာ၊ မြန်မာစကား |
| ၈း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၉း၀၀ | နိုင်ငံတကာပိုက်ကျော်ခြင်း ပြိုင်ပွဲ |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းများ |
| ၉း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၃၀ | ဗွီစီဒီမိတ်ဆက် (လူရွှင်တော်) |
| ၉း၅၀ | လိုင်စင် (မင်းထက်ကျော်ဇင်၊ နှင်းဝတ်ရည်သောင်း) |
| ၁၀း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ | (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုအားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (အမျိုးသားဘောလုံး) |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | လှည်းကူးမြို့နယ် ကျွန်းအထူးစိုက်ခင်း |
| ၁၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ (၄) ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**English Premier League**

**ဘောလုံးပွဲစဉ်များ**

ညပိုင်း အစီအစဉ်

| | |
|---|---|
| ၆း၃၀ | ပွဲကြိုသုံးသပ်ချက်(၁) |
| လိုင်း | 5-Cartoons(Live) |
| ၇း၀၀ | Bolton -Everton |
| လိုင်း | 5-Cartoons(Live) |
| ၉း၁၀ | ပွဲကြိုသုံးသပ်ချက်(၂) |
| လိုင်း | 5-Cartoons(Live) |
| ၉း၃၀ | Chelsea-Arsenal |
| လိုင်း | 5-Cartoons(Live) |
| ၁၁း၃၀ | Final Score |
| လိုင်း | 5-Cartoons(Live) |

# ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ကြည့်မြင်တိုင်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ထီးတန်းဆန်တင်တံတား ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက လမ်းမတော်ကမ်းနားဒေသအခြေအနေ၊ ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်ထားမှုအခြေအနေ၊ ပြည်တွင်း ကုန်တင်ကုန်ချဆောင်ရွက်မှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဝါးတန်းဆိပ်ကမ်းသို့ ရောက်ရှိပြီး မော်တော်ယာဉ် မောင်းတက်/မောင်းဆင်းတံတားကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝါးတန်းဆိပ်ကမ်း၌ ဆိပ်ကမ်းသာယာလှပရေး သစ်ပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လမ်းသစ်ဖောတံတားသို့ ရောက်ရှိပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ခရီးသည် နားနေဆောင်နှင့် ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ကိုင်းတန်း ဖောတံတားအမှတ်(၁)နှင့် ဘုန်းကြီးလမ်း ဖောတံတား အမှတ်(၁)၊ လမ်းမတော် ဖောတံတားအမှတ်(၁)၊ စဉ့်အိုးတန်း ဖောတံတားများရှိ ဆိပ်ကမ်း သာယာလှပရေး ဆောင်ရွက်မှု အခြေအနေများနှင့် ဆိပ်ကမ်းတစ်လျှောက် သင်္ဘောကြီးများ ဆိုက်ကပ်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက ဆိပ်ကမ်းသာယာလှပရေးနှင့် ဆိပ်ကမ်းလုံခြုံရေး၊ ကုန်ပစ္စည်းများ တင်ချရာတွင် ကြန့်ကြာမှုမရှိစေဘဲ လျင်မြန်သွက်လက်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး စသည့်တို့ကို ဦးစားပေးဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ လမ်းသစ်ဖောတံတားရှိ ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။** (ပို့ဆောင်ရေး)

⇨ **စာမျက်နှာ ၇ မှ**

စည်သွတ်အသားဘူးများနှင့် ပဲဘူးများကို ပေးအပ်လှူဒါန်းပြီး ရွာနောင်ကျေးရွာမှ၂၀၀၄-၂၀၀၅ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ သုံးဘာသာ ဂုဏ်ထူးရှင် မောင်ရှိုင်းမင်းဆက်အား ပညာဝေပုလ္လ စာကြည့်တိုက်နှင့် ပညာရည်မြှင့်တင်ရေးအသင်းမှ ဂုဏ်ပြုချီးမြှင့်သော ငွေကျပ် ၃၀၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက ကျေးလက် စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းမျိုးစုံကို ပေးအပ်လှူဒါန်းကြသည်။

## တွေ့ဆုံ

ပြည်သူများနှင့် တွေ့ဆုံပွဲများတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်က တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ကျေးလက်ဒေသများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဦးစားပေးဖော်ဆောင်လျက်ရှိကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားသုံးအားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အားသုံးအားမှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာရှင်အလှူရှင်များ၏ အားများဖြစ်ကြောင်း၊ နိုင်ငံတော်၏အားတွင် တပ်မတော်က ပူးတွဲပါဝင်လျက် ဆောင်ရွက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း။

## ဆွေးနွေး

ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သမားရိုးကျစိုက်ပျိုးရေးလုပ်ငန်းများသာ အားပြုမနေဘဲ ရာသီသီးနှံစုံများ၊ နှစ်ရှည်သီးနှံများကို သီးထပ်သီးညှပ် တိုးချဲ့စိုက်ကြရန် လိုအပ်ကြောင်း၊ ထို့အတူ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ တွဲဖက်လုပ်ဆောင်မှသာ စီးပွားဖြစ် အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများ ပညာရည်မြင့်မား တိုးတက်စေရန်အတွက် နိုင်ငံတော်က ဖော်ဆောင်ပေးနေသကဲ့သို့ ပြည်သူများအပိုင်းကလည်း မိမိတို့၏ ကျောင်းနေအရွယ်ရောက်သူ သားသမီးတိုင်း ကျောင်းအပ်နှံရေး၊ ပညာကို ဆုံးခန်းတိုင်သည်အထိ သင်ကြားပေးရေး အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

# ဘဒ္ဒန္တ ဝေပုလ္လ ဗုဒ္ဓစာပေဆုချီးမြှင့်နိုင်ရေး ဗုဒ္ဓဘာသာကျမ်းစာအုပ်များ ပေးပို့နိုင်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းရှိ မဟာသာသန ဝေပုလ္လကျောင်းမှ ဂျပန်နိုင်ငံသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လက နောင်လာနောက်သား သံဃာတော်များအတွက် ပရိယတ္တိစာပေ ပညာအရည်အချင်း မြှင့်တင်ရေးအတွက် လည်းကောင်း၊ အနာဂတ် မြန်မာလူငယ်ကျောင်းသားများ ပညာရေးတိုးတက်မြင့်မားလာရေး အတွက်လည်းကောင်း ရည်ရွယ်၍ ဘဒ္ဒန္တ ဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ၁၄-၁-၂၀၀၁ ရက်တွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ပြီးဖြစ်သည်။

ယင်းဗုဒ္ဓစာပေဆုများကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အတွင်း (ပထမအကြိမ်) ထုတ်ဝေပြီးသော ထေရဝါဒ ဗုဒ္ဓဘာသာကျမ်းစာများမှ ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

## ပေးပို့နိုင်

သို့ပါ၍ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များကို တစ်မျိုးလျှင် နှစ်အုပ်ကျစီဖြင့် ပဓာနနာယက ဆရာတော် ဦးဓမ္မတိဏ္ဏ မဟာသာသန ဝေပုလ္လကျောင်း မြို့မရပ်ကွက် ကြားတောရလမ်း ဗဟန်းမြို့နယ် ဖုန်း-၃၈၀၈၆၃ သို့ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပြည်နယ်ဝန်ကြီးနှင့် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၀**

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပန်ဂျပ်ပြည်နယ် Exercise & Taxation ဝန်ကြီးဌာန ဝန်ကြီး Dr. Muhammad Shafique Chaudhary သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Muhammad Nawaz Chaudhry လိုက်ပါလျက် ယမန်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်၍ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်တို့အား တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ ဘိလပ်မြေ၊ သကြား၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် စက္ကူထုတ်လုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည့် အခွင့်အလမ်းများ၊ ပါကစ္စတန်နိုင်ငံ၌ ကျင်းပသော ကုန်စည်ပြပွဲများသို့ ပါဝင်ပြသရေးနှင့် ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လာရောက်ဆွေးနွေးရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးရှိ လူနာများအတွက် (၅)ကြိမ်မြောက် ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို ဩဂုတ် ၁၈ ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနေ အလှူရှင် ဦးလှမောင်-ဒေါ်ရီ မိသားစုက ဆေးရုံအုပ်ကြီးဒေါက်တာမောင်မော်သို့ ပေးအပ်လှူဒါန်းစဉ်။** (၂၃)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၂၀-၈-၂၀၀၅**

| | | |
|---|---|---|
| **ကျောက်တော်မြို့** | – | ၃ ဒသမ ၉၈ လက်မ |
| **သံတွဲမြို့** | – | ၃ ဒသမ ၇၈ လက်မ |
| **သထုံမြို့** | – | ၃ ဒသမ ၅၄လက်မ |
| **တောင်ငူမြို့** | – | ၁ ဒသမ ၅၇ လက်မ |
| **မကွေးမြို့** | – | သုည ဒသမ ၅၉ လက်မ |
| **မင်းဘူးမြို့** | – | သုည ဒသမ ၅၅ လက်မ |

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၈-၂၀၀၅ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၀မ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ စောရဝိဋ္ဌာနှင့် မိစ္ဆာခွင်းဓား (အပိုင်း-၃၁)**
၁၂:၂၀ ၅။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဂျူဒို)
၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"ပန်းသတင်းမကြားတဲ့နားတစ်စုံ" (လူမင်း၊ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ဟိန်းစိုး)**
၂:၂၀ ၇။ အတီးပြိုင်ပွဲ
၂:၂၅ ၈။ တေးဂီတအစီအစဉ်
၂:၃၅ ၉။ အကပြိုင်ပွဲ
၂:၄၀ ၁၀။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၂:၄၅ ၉။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရက္ခဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ဓမ္မပူဇာတေး)**
၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၄၀ ၈။ အကပြိုင်ပွဲ
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၅:၅၅ ၁၀။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ (အပိုင်း-၅၀)(ဇာတ်သိမ်းပိုင်း)**
၇:၃၀ ၁၄။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဆွေးနွေးခန်း (ရုပ်သေးပြိုင်ပွဲ)
၇:၄၅ ၁၅။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း-၁)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

**ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအစီအစဉ်အရ ဩဂုတ် ၁၈ ရက်က ကမာရွတ်မြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်းတွင် ဦးသန့်ဇင်-ဒေါ်မိုးမိုးအေးတို့၏ သမီး Grade-4 အတန်းမှ မဇင်ရတနာမိုး၏ မွေးနေ့အလှူအဖြစ် အာဟာရတိုက်ကျွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဖုန်းနှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (က-ပ)

# နယ်စပ်ဒေသအိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၁၁)နှင့် အခြေခံစက်ချုပ် သင်တန်း အမှတ်စဉ်(၃၉)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်တွင် သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။**

**– တက်ရောက် –**

သင်တန်းဆင်းပွဲသို့ ပြည်နယ်/ခရိုင်/မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ သင်တန်းတွင် အဆင့်မြင့် စက်ချုပ်သင်တန်းသူ ၁၀ဦးနှင့် အခြေခံ စက်ချုပ်သင်တန်းသူ ၃၅ဦးတက်ရောက် အောင်မြင်ကြသည်။

**– မြိတ်မြို့ –**

အလားတူ မြိတ်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၀)နှင့် အခြေခံ စက်ချုပ်သင်တန်း အမှတ်စဉ်(၃၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်တွင် သင်တန်းကျောင်း ခန်းမဆောင်၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ သင်တန်းဆင်းပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊ လူမှုရေးအသင်းအဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ သင်တန်းတွင် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ခုနစ်ဦးနှင့် အခြေခံစက်ချုပ်သင်တန်းသူ ၃၇ဦး တက်ရောက် အောင်မြင်ကြသည်။

ထို့အတူ လားရှိုး၊ မူဆယ်၊ မိုင်းဆတ်၊ တာချီလိတ်၊ လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ ရေး၊ ကော့သောင်း၊ မောင်တောမြို့များရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာသင်တန်းကျောင်းများ၏ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း သင်တန်းဆင်းပွဲများနှင့် ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ မင်းတပ် အိမ်တွင်းမှု သင်တန်းကျောင်းများ၏ အခြေခံ စက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံရက်ကန်းသင်တန်းနှင့် ကနုကမာ ကျောက်စီပန်းချီသင်တန်း သင်တန်းဆင်းပွဲများ၊ မတူပီ၊ တီးတိန်၊ ကန်ပက်လက် အိမ်တွင်းမှုသင်တန်း ကျောင်းများ၏ အခြေခံစက်ချုပ် သင်တန်းနှင့် သိုးမွေးစက်ဆွဲသင်တန်း သင်တန်းဆင်းပွဲများ၊ ပူတာအို၊ ဗန်းမော်၊ မုဒုံအိမ်တွင်းမှု သင်တန်း ကျောင်း အခြေခံစက်ချုပ်သင်တန်း သင်တန်းဆင်းပွဲများကို ယမန်နေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာသင်တန်း ကျောင်း အသီးသီး၌ ကျင်းပကြောင်း နှင့် သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

# အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း ဝန်ကြီးဗိုလ်ချုပ်စိန်ထွားကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ သွားရောက်၍ ရှေးဦးစွာ အသက်မွေးပညာ သင်တန်းပို့ချမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် သင်တန်းသူများအား အားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ စားသောက်ဖွယ်လက်ဆောင်များ ပေးအပ်သည်။**

ယင်းနောက်ဝန်ကြီးသည် ဇာထိုးပန်းထိုးလက်မှုပညာသင်တန်းခန်းမနှင့် စက်ချုပ်ပညာသင်တန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် အမျိုးသမီးသင်တန်း အိပ်ဆောင်များ၊ စားသောက်ဆောင်များ၊ လေ့ကျင့်သင်တန်းခန်းမ၊ ရက်ကန်းလုပ်ငန်း၊ အဝတ်လျှော် လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

# ပေါင်းတည်မြို့ (၁၀၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

ပေါင်းတည်မြို့ (၁၀၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာ သက္ကရာဇ် ၁၂၅၉ ခုနှစ်တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)နိုင်ငံမှ ပင့်ဆောင်လာခဲ့သည်မှာ နှစ်ပေါင်း ၁၀၈နှစ်ရှိပြီး လှည့်လည်အပူဇော်ခံပွဲတော်ကို ကျင်းပခဲ့သည်မှာ (၁၀၅)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။

**အပူဇော်ခံမည်**

၁၃၆၇ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်၊ စက်တင်ဘာ ၁၄ ရက် နံနက် ၅ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား အနေကဇာတင်ပူဇော်မည်ဖြစ်သည်။ ညနေ ၄နာရီတွင် မြတ်စွယ်တော်ဖွင့်ပွဲ အခမ်းအနား ကျင်းပပြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ သဒ္ဓမ္မဝေပုလ္လအသင်းနှင့် ဘာသာရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်အတူ ဂေါပကအဖွဲ့ဥက္ကဋ္ဌက နှစ်ပတ်လည် ကိန်းဝပ်စံမြန်းရာ ဂန္ဓကုဋိတိုက်အတွင်းမှအပူဇော်ခံရာ ရွှေကျောင်းဆောင်ရွှေပလ္လင်ပေါ်သို့ ပင့်ဆောင်ကာ အပူဇော်ခံမည် ဖြစ်သည်။

**လိုက်ပါပူဇော်**

တော်သလင်းလဆန်း ၁၃ ရက်၊ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား ဆင်တော်ပေါ်သို့ပင့်ဆောင်၍ ဆင်ရတနာဖြင့် သတ်မှတ်သည့် လမ်းများအတိုင်း လှည့်လည်အပူဇော်ခံမည် ဖြစ်သည်။ ဆင်တော်ပေါ်သို့ လှည့်လည် အပူဇော်ခံရာတွင် ဘာသာရေးအဖွဲ့အစည်းများနှင့် ဒေဝါဝင်း၊ ရာဇာဝင်း၊ ရှေ့ဝင်း၊ နောက်ဝင်းခင်းကျင်း၍ ယိမ်းအက၊ဇာတ်နိပါတ်များကို ဗုဒ္ဓဘာသာဓလေ့အရ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ လိုက်ပါပူဇော်ကြမည်ဖြစ်သည်။

တော်သလင်းလဆန်း ၁၄ ရက်၊ စက်တင်ဘာ ၁၆ ရက် နံနက် ၈နာရီတွင် ရွှေကျောင်းဆောင် ရွှေပလ္လင်ထက်၌ ရတနာစိန်ကြုတ်ကို ဖွင့်လှစ်၍ အပူဇော်ခံမည်ဖြစ်သည်။

တော်သလင်းလဆန်း ၁၅ရက်၊ စက်တင်ဘာ ၁၇ရက် ည ၁၀နာရီအထိ အပူဇော်ခံပြီး (၁၀၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပပြီးဆုံးကြောင်း ကြေညာ၍ နှစ်ပတ်လည် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်အတွင်းသို့ ပြန်လည်ပင့်ဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း စက်ချုပ်ပညာသင်တန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လူမှုဝန်ထမ်း)

# မိုးကုတ်ဝိပဿနာ တရားစခန်းကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

မြောက်ဥက္ကလာပမြို့နယ်(ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ် ဝိပဿနာဓမ္မရိပ်သာကျောင်းတွင် (၁၂၉) ကြိမ်မြောက် တရားစခန်းပွဲ၌ ပုပ္ပား(၂) မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာ စရိယ၊ မဟာဓမ္မာစရိယ)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားမည်ဖြစ်ရာ ယောဂီများ ဩဂုတ် ၂၂ ရက်ညနေ အရောက်လာကြရန်နှင့် ဖုန်း-၆၉၀၀၅၉ သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

## ပေးအပ်လှူဒါန်း

**ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈၂-ရပ်ကွက်၊ ဇမ္ဗူအေး ကျောင်းတိုက်ဝင်း အတွင်းရှိ သီလဝိသောဓနီသိမ်တော်ကြီး ဂန္ဓကုဋိတိုက် အတွက် ဈေး (၂)လမ်းနေ ဒေါ်ညိုက အလှူတော်ငွေ ကျပ်သိန်း ၂၀ကို ဩဂုတ် ၉ ရက်က သိမ်တော်ကြီးဖြစ်မြောက်ရေးဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆု စက်တင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၂၀**

အကြိမ်(၂၀၀)မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို စက်တင်ဘာ ၁ရက် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

**ဆုမဲများ**

ယခုထီဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀ ၃၁ဆု၊ ငွေကျပ် ၂၅ သိန်း ၁၃ဆု၊ ငွေကျပ် ခြောက်သိန်း ၆၈၄ဆု၊ ငွေကျပ် ငါးသိန်း နှစ်ဆု၊ ငွေကျပ် လေးသိန်းလေးဆု၊ ငွေကျပ် နှစ်သိန်း ၁၉ဆု၊ ငွေကျပ် တစ်သိန်း ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်း ၂၄ဆု၊ ငွေကျပ်ငါးသောင်း ၁၇၁၀ဆု၊ ငွေကျပ်လေးသောင်း ၄၇ဆု၊ ငွေကျပ်နှစ်သောင်း ၃၂၃ဆု၊ ငွေကျပ် တစ်သောင်း ၁၇၁၀၀ဆု၊ စုစုပေါင်း ၂၀၁၂၉ဆုဖြစ်သည်။

**ထုတ်ယူနိုင်**

အကြိမ် (၂၀၀)မြောက် ငွေကျပ် ၅၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ် ပေးခြင်းကို စက်တင်ဘာ ၈ရက် မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ် ငါးသိန်းနှင့် အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁-၈-၂၀၀၅ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | **မိုးကုတ်ဆရာတော်ကြီး၏ တရားတော် –ခန္ဓာကြီးက သေရွာသွားနေပုံ** |
| ၉:၁၀ | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| ၉:၁၁ | ၁၁။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ | **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် –Rule of Natural Justice.** (စတုတ္ထနှစ်-ဥပဒေပညာ) |
| ၄:၅၀ | ၅။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၆။ | အမေးကမ္ဘာတွေးစရာ |
| ၆:၀၀ | ၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၈။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၉။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၁။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုး ဖွင့်ကြပါလိမ့်မည်"(အပိုင်း-၁၀)** |
| ၈:၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ | ပဟေဠိနန်းတော် |
| | ၁၆။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၇။ | **English Premier League ဘောလုံးပွဲ -Chelsea Vs Arsenal. (Live)** |
| | ၁၈။ | သင့်အတွက်မနက်ဖြန် |
| | ၁၉။ | အပိတ်နှုတ်ဆက်စကား |
| | ၂၀။ | ပြီးပါပြီ။ |

# ကျိုက်မရောမြို့နယ် နိတုံ ကျောင်းဟောင်းကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၂၀

နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် နိတုံကျေးရွာ နိတုံကျောင်းဟောင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်(၈၁)နှစ် သိက္ခာတော်(၆၁)ဝါရှိ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပုပ္ဖရမ္မ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၇ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ရက်၊ ၁၈–၈–၂၀၀၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် နိတုံကျောင်းဟောင်း ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မြို့ပတ်လမ်းနေ ဦးလှသိန်း–ဒေါ်မြနွယ်၊ မြေး မောင်ဇေယျာဘုန်းမြင့်တို့က နှစ်ဖက်မိဘများအား ရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြသင်း လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

# စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပဲခူးမြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဩဂုတ် ၁၉ ရက်တွင် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ၊ စည်ပင်သာယာရေး လုပ်ငန်းများနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေးက မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ရေစီးရေလာ ကောင်းမွန်လာစေရေးအတွက် အဖွဲ့ပိုင် စက်ယန္တရားများဖြင့် ကိုယ့်မင်းကိုယ့်ချင်းလမ်း ရေနုတ်မြောင်းတူးဖော်နေမှု၊ မုန်တိုင်းရွာအနီး ကျုံးတစ်လျှောက် ရေစီးဆင်းထွက်ရှိမှု၊ ရွှေမော်ဓောဘုရားလမ်း နိုင်လွန်ကတ္တရာခင်းပြီးစီးမှု၊ မြို့သာယာလှပရေးအတွက် ရွှေမော်ဓောဘုရားလမ်းရှိ လမ်းလယ်ကျွန်း၌ ပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် မြို့စိမ်းလန်းစိုပြည်စေရေးအတွက် အဖွဲ့ပိုင်ရှင်စောပု ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် ညောင်ဝိုင်းရပ်ကွက်ရှိ ပဲခူးမြစ်အတွင်း ရေဆိုးထုတ်ရေထိန်းတံခါးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။ **(ဓဲပုံ)** (သတင်းစဉ်)

## မွေးနေ့ဂါရဝပြုမည်

ရန်ကုန် ဩဂုတ် ၂၀

တက္ကသိုလ်များအားကစား အရာရှိဟောင်း၊ တက္ကသိုလ်များ ဘောလုံးနည်းပြဆရာနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း နည်းပြဟောင်း ဆရာကြီး ဦးငြိမ်း၏ (၈၇)နှစ် မြောက် မွေးနေ့ဂါရဝပြုပွဲ ကို တက္ကသိုလ်ဘောလုံးသမားဟောင်းများက ကြီးမှူး၍ ဩဂုတ်၂၇ရက်(စနေနေ့)နံနက်၈နာရီတွင် တက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ တပည့်များတက်ရောက်ကြရန်နှိုးဆော်ထားသည်။ (က–ပ)

## မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၀

လွန်ခဲ့သော ၂၄နာရီအတွင်း ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်း တိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

### ခန့်မှန်းချက်

ဩဂုတ် ၂၁ရက်နေ့ ညနေအထိ ခန့်မှန်းချက်မှာ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး၊ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရခိုင်ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခေတ္တမျှ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် မုတ်သုံလေအားအသင့်အတင့်ရှိမည်။

# နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နိတုံကျေးရွာ နိတုံကျောင်းဟောင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပုပ္ဖရမ္မ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နိတုံကျေးရွာ ခမည်းတော် ဦးဘဲ၊ မယ်တော်ဒေါ်ပိန်တို့မှ ၁၂၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် ဖွားမြင်တော်မူသော် သားရတနာဖြစ်သည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့တွင် ကျိုက်မရောမြို့နယ် နိတုံကျေးရွာ နိတုံကျောင်းဟောင်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လာ ဓိပတိအား ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၀၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ မွန်းလွဲ ၁ နာရီ မိနစ် ၅၀အချိန်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နိတုံကျေးရွာ နိတုံကျောင်းဟောင်းခဏ္ဍသိမ်၌ ကျိုက်မရောမြို့ ရန်မျိုးအောင်ရပ်ကွက် ရသေ့ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဒီပကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျိုက်မရောမြို့နယ် နိတုံကျေးရွာ နိတုံကျောင်းတိုက် ဆရာတော်၊ ပေါင်မြို့နယ် သပြုချောင်း ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တဝါယမ၊ ဘီလူးကျွန်းတောင်စွန်း ရွာကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘဒ္ဒန္တဝါယမ၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယတို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သွေးဆေးကန် မွန်ပါဠိတက္ကသိုလ်၌ ကထိကအဖြစ်ဆောင်ရွက်ခြင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဘီလူးကျွန်းတောင်စွန်း စာသင်တိုက်၌ စာချအဖြစ်ဆောင်ရွက်ခြင်း၊ ကျိုက်မရောမြို့နယ် နိတုံကျေးရွာ နိတုံကျောင်းဟောင်း၌ တပည့်ရဟန်းသာမဏေတို့အား စာပေပို့ချခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်ဆောင်ရွက်ခြင်းတို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပြီး မဟာသတိပဋ္ဌာနသုတ် နိဿယ၊ အဓိပ္ပာယ်အရကောက်၊ ပဋ္ဌာန်းအရကောက်ကျမ်းတို့ကို မွန်ဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့သည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တပုပ္ဖရမ္မအား ၁၃၆၁ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာအကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် ၈၁နှစ်၊ သိက္ခာတော် ၆၁ ဝါအရ ၁၃၆၇ခုနှစ်၊ဝါခေါင်လဆန်း ၁၄ရက်၊၂၀၀၅ခုနှစ်၊ ဩဂုတ်လ ၁၈ရက်၊ ကြာသပတေးနေ့ ညနေ ၃ နာရီတွင် ကျိုက်မရောမြို့နယ် နိတုံကျောင်းဟောင်းကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်းသာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။

# ဆွမ်းကပ်လှူပွဲနှင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစခန်း အဓိဋ္ဌာန်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် ဘုရားအရှေ့ဘက် သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပသော သတ္တဋ္ဌာနဗုဒ္ဓါနုဿတိ(၉)ရက်စခန်းအဓိဋ္ဌာန်ပွဲကြီးနှင့် သတ္တဋ္ဌာနဗုဒ္ဓဘုရားရှင်များအား ဓာတ်ကြီးလေးပါးဆွမ်းများကပ်လှူပွဲကို ၁၃၆၇ခုနှစ်၊ တော်သလင်းလဆန်း၆ရက်မှ ၁၄ရက်အထိ၊ စက်တင်ဘာ ၈ရက်မှ ၁၆ရက်အထိ ကိုးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ရာ လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာသဘအရှင်သူမြတ်က တရားတော်များ ဟောကြားမည်ဖြစ်သည်။

ယင်းသတ္တဋ္ဌာန ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအဓိဋ္ဌာန်ပွဲကို နေ့စဉ် ညနေ ၅နာရီတွင်လည်းကောင်း၊ သတ္တဋ္ဌာနဗုဒ္ဓဘုရားရှင်တို့အား ဓာတ်ကြီးလေးပါးဆွမ်းများကို နေ့စဉ်နံနက် ၆နာရီတွင်လည်းကောင်း ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ရာ လှူဒါန်းလိုပါက ကျောင်းတိုက် ဖုန်း–၅၆၀၇၁၀သို့ ဆက်သွယ်စာရင်းသွင်း လှူဒါန်းနိုင်ကြောင်းသိရသည်။ (၅၀၆)

# စက်မှုဇုန်သာယာလှပရေး အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဇုန်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ခြင်ပေါက်ပွားမှုနှိမ်နင်းရေးနှင့် သွေးလွန်တုပ်ကွေးအန္တရာယ် ကင်းဝေးစေရေးတို့အတွက် ဇုန်သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီက ဇုန်အတွင်း သန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများဆယ်ယူရေး နေ့စဉ်ဆောင်ရွက်လျက်ရှိရာ အလှူရှင်ဦးတင်လှ "ကိုလတ်(ခ) ကေအယ်လ်ထွန်း (မူလီအမျိုးမျိုးရောင်းဝယ်ရေး)က ဇုန်သာယာစည်းကမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေ ကျပ် ၁၀၀၀၀၀၀ကို ဩဂုတ် ၁၉ရက်နံနက်၁၁နာရီတွင် အမှတ်(၃) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ ပေးအပ်လှူဒါန်းရာ အမှတ်(၃)စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် သာယာ/စည်းကမ်းအဖွဲ့ခေါင်းဆောင် ဦးချစ်မောင် (UCM မော်တော်ယာဉ်ထုတ်လုပ်ရေး) တို့က လက်ခံယူသည်။ **(ဓဲပုံ)** (စက်မှုဇုန်)

# မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးမှု ပြန်လည်မြှင့်တင် ပုဂ္ဂလိကတောင်သူများ ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုး

## ရော်ဘာကို နိုင်ငံတော်က လွတ်လပ်စွာ ထုတ်လုပ်ရောင်းဝယ်ခွင့်ပြုထား

ရန်ကုန် ဩဂုတ် ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၁၉ရက် နံနက် ၁၁နာရီခွဲတွင် မုဒုံမြို့နယ် ဖယ်ဒိုကျေးရွာ မော်လမြိုင်–မုဒုံ–သံဖြူဇရပ် ကားလမ်းမိုင်တိုင်အမှတ် (၂၈/၇)အနီးရှိ ရော်ဘာစိုက်တောင်သူဦးထုၐ ရော်ဘာစိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး ရော်ဘာပင်ကြားသီးနှံအဖြစ် စိုက်ပျိုးထွက်ရှိသော ခဝဲ၊ ကျောက်ဖရုံ၊ ရွှေဖရုံ၊ ဗုံလုံနှင့် ချဉ်ပေါင်သီးနှံများကိုလည်းကောင်း၊ ရော်ဘာပင် အညွန့်ကူး ပျိုးထောင်ခြင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ရော်ဘာကို အစေးထွက်ပိုမိုကောင်းမွန်မည့် မျိုးကောင်းမျိုးသန့်များ သုတေသနပြုဖော်ထုတ်ရေး၊ ဈေးနှုန်းသက်သာပြီး အရေအတွက်များများ ထုတ်လုပ်ဖြန့်ဖြူးရေး၊ ဒေသခံ ရော်ဘာစိုက်တောင်သူများအား စိုက်ပျိုးနည်းစနစ်များ ဖြန့်ဖြူးရေးတို့ကို မှာကြားသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိုးဝင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မွန်ပြည်နယ်အတွင်း၌ ရော်ဘာစိုက်ပျိုးဧက တိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေ၊ ပုဂ္ဂလိက ရော်ဘာစိုက်တောင်သူများ၏ ရော်ဘာစိုက်ခင်းသစ်များ ဖော်ထုတ်စိုက်ပျိုးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေစာရင်းဦးစီးဌာနနှင့် မြို့နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းတို့မှ တာဝန်ရှိသူများက မွန်ပြည်နယ်အတွင်း ရော်ဘာတိုးချဲ့စိုက်ပျိုးမြေ စိစစ်ရှာဖွေစာရင်းပြုစုခြင်း၊ ဒေသအခြေအနေနှင့် ကိုက်ညီသော ရော်ဘာအမျိုးအစားစိစစ်ရွေးချယ်ခြင်းနှင့် မွန်ပြည်နယ်အနေဖြင့် ရော်ဘာစိုက်ဧက စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ မုဒုံမြို့နယ် ဖယ်ဒိုကျေးရွာ မော်လမြိုင်–မုဒုံ–သံဖြူဇရပ် ကားလမ်းမိုင်တိုင်အမှတ်(၂၈/၇)အနီးရှိ ပုဂ္ဂလိက ရော်ဘာစိုက်တောင်သူ ဦးထုၐ ရော်ဘာပင် အညွန့်ကူးပျိုးထောင်ခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကန်တော်ကြီး ရေကူးကန်ဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၀

**ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပညာပေးဇုန် (Education Zone)အတွင်းရှိ ကန်တော်ကြီး ရေကူးကန်ဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အဆိုပါ ရေကူးကန်အဝင် မုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။**

**တက်ရောက်**

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ Wood Land Co. Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Wood Land Co. Ltd မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က ကန်တော်ကြီးရေကူးကန်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးလှမျိုးနှင့် စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ▲

# အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်း ဩဂုတ် ၂၁ ရက်တွင် ပြန်လည်ရောက်ရှိမည်

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၅ ခုနှစ် အာဆီယံ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းသည် ဩဂုတ် ၂၁ ရက် ညနေ ၄နာရီ မိနစ် ၅၀ တွင် စင်ကာပူနိုင်ငံမှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား ပြည်သူများက စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

**ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပညာပေးဇုန် (Education Zone)အတွင်းရှိ ကန်တော်ကြီး ရေကူးကန်ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရေကူးကန်အဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (ရန်ကုန်တိုင်း)